# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၁၉)


**ပညာရှိ**

စကားများစွာ ပြောကာမှုဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆


**ယနေ့** *ဖတ်စရာ*

**စာအုပ်ပုံတွေကြားက ....... တာဝန်သိနိုင်ငံသား** — ဆောင်းပါး စာ - ၆

**ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အတွက် တိုက်ပွဲရှောင်ပြည်သူများ နေရပ်အသီးသီးသို့ ထပ်မံပြန်လည်ဝင်ရောက်** — ပြည်တွင်းသတင်း စာ - ၇

**မြန်မာနိုင်ငံတွင် လွှတ်တော် သုံးရပ်လုံးအတွက် ပြောင်းလဲဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ်** — ဆောင်းပါး စာ - ၁၆

မြန်မာ့အလင်း

# အေးချမ်းတည်ငြိမ်ခြင်းသည် ဆန္ဒအမှန်

ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အတွက် တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်လာနေကြသည်။ ပြည်နယ်မြို့တော်ဖြစ်သည့် လွိုင်ကော်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့မှုကြောင့် ဒေသခံပြည်သူများမှာ နေရပ်စွန့်ခွာ၍ လွတ်ကင်းရာသို့ တိမ်းရှောင်ခဲ့ကြရခြင်းဖြစ်သည်။ လွိုင်ကော်အရပ်ဘက်လေဆိပ်ကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လွိုင်ကော်အကျဉ်းထောင်ကို နှောင့်ယှက်ပစ်ခတ်ခြင်း၊ မြို့နေလူထုကို အကာအကွယ်ပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်းများ အပါအဝင် PDF အကြမ်းဖက်အဖွဲ့များနှင့် KNPP အဖွဲ့အချို့တို့၏ အခြားအကြမ်းဖက်လုပ်ရပ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယားပြည်နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်ခဲ့ရာမှ ထိတွေ့တိုက်ပွဲများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လွိုင်ကော်သည် ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၏ စမှတ်ဟုဆိုနိုင်ပြီး ထူးခြားလှပသည့် သဘာဝပတ်ဝန်းကျင်များကို အကြောင်းပြု၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိနေသော မြို့ဖြစ်သည်။ ပြည်နယ်အတွင်းရှိ အခြားဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာ၊ အရင်းအမြစ်တို့ ရှိနေခြင်းဖြစ်ရာ ပြည်နယ်တစ်ခွင် တည်ငြိမ်အေးချမ်းသာယာပြီး ပြည်နယ်အစိုးရနှင့် ပြည်သူများ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်နိုင်သည့် အခြေအနေ အချိန်အခါကို ရောက်ရှိလာပါက ဖွံ့ဖြိုးတိုးတက်လာမည်သာဖြစ်သည်။ လတ်တလော ဖြစ်ပေါ်နေသည့် ပစ်ခတ်တိုက်ခိုက်မှုများ၊ တိုက်ပွဲများမှာ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူလူထုများက လိုလားမှုမရှိဘဲ ပေါ်ပေါက်လာသော ဖြစ်စဉ်များဖြစ်ပြီး လက်သည်တရားခံမှာ PDF အကြမ်းဖက်အဖွဲ့နှင့် KNPP အဖွဲ့အချို့သာဖြစ်သည်။ ၎င်းတို့အနေဖြင့် ပြည်သူ့ကာကွယ်ရေးဟု ခေါင်းစဉ်တပ်၍ လူနေရပ်ရွာများအတွင်း ဝင်ရောက်ကာ ပြည်သူကို အကာအကွယ်ယူပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့များနှင့် ထိတွေ့ပစ်ခတ်မှုများအတွင်း ပျက်စီးမှုများ၊ ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်လာသည့်အခါတွင် အကြမ်းဖက်အားပေးမီဒီယာများနှင့် ပူးပေါင်း၍ တပ်မတော်သိက္ခာကျရေး မမှန်သတင်းများ ထုတ်လွှင့်ခြင်းကလည်း ၎င်းတို့၏ မူလရည်ရွယ်ချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအတွင်း PDF အကြမ်းဖက်လှုပ်ရှားမှုကင်းစင်သည့် မြို့ရွာဒေသအမြောက်အမြားတို့မှာ တည်ငြိမ်အေးချမ်းလျက်ရှိခြင်းက ပကတိအမှန်တရားပင်ဖြစ်သည်။

ယခုအခါ ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်နေရာများတွင် ဈေးများပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်လာခြင်း၊ အေးချမ်းတည်ငြိမ်စွာ ရောင်းဝယ်ဖောက်ကားကြခြင်း၊ ယုံကြည်ကိုးကွယ်ရာ ဘာသာ သာသနာများအလိုက် ဘုရားကျောင်းကန် စေတီပုထိုးများ၊ ဝတ်ပြုကျောင်းများတွင် ဘုရားဖူး၊ ဝတ်ပြုဆုတောင်းကြခြင်းတို့က ဒေသခံပြည်သူလူထု၏ စိတ်နေသဘောထားအမှန်ကို ထင်ဟပ်နေသည့် မြင်ကွင်းများပင်ဖြစ်သည်။ တိုက်ပွဲများကြောင့် ဖြစ်ပေါ်လာရသည့် အသက်ဘေးအန္တရာယ်နှင့် ကိုယ်လက်အင်္ဂါထိခိုက်ဆုံးရှုံးမှု၊ နေအိမ်နှင့် ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှု၊ နေရပ်စွန့်ခွာတိမ်းရှောင်ရမှု၊ လမ်းပန်းဆက်သွယ်ရေးတို့ ပြတ်တောက်ပြီး လုပ်ငန်းကိုင်ငန်းများ ရပ်ဆိုင်းရသည့်အတွက် စားရေးသောက်ရေး အသက်မွေးမှုအခက်အခဲနှင့် ရင်ဆိုင်ရမှုတို့အပါအဝင် အနိဋ္ဌာရုံအားလုံးတို့မှာ ပြည်သူအားလုံးက မလိုလားသည့် အဖျက်လုပ်ရပ်၏ အကျိုးဆက်များဖြစ်သည်။

မိမိတို့နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးကို မလိုလားသူ၊ တိုင်းပြည်ဆူပွက် သေကျေပျက်စီးရေးကိုသာ လိုလားသူတို့က “သွေးမအေးနဲ့”ဟူ၍ တရစပ်မြွေကာ လှုံ့ဆော်နေကြသည်။ နိုင်ငံဖျက်ဆီးသည့် လုပ်ငန်းများတွင် ၎င်းတို့၏ အကျိုးစီးပွားများ ရှိနေခြင်းကြောင့် ဘယ်သူသေသေ၊ ငတေမာပြီးရော သဘောထားဖြင့် လုပ်ကိုင်နေကြခြင်းဖြစ်ရာ အေးချမ်းစေလိုသူ ပြည်သူတို့၏ သဘောထားနှင့် ဆန့်ကျင်လျက်ရှိသည်။ ဒေသတည်ငြိမ်အေးချမ်းရေး၊ မိမိတို့ရပ်ရွာများတွင် တရားဥပဒေစိုးမိုးရေးတို့အတွက် အကြမ်းဖက်အဖျက်သမားများနှင့် ၎င်းတို့၏ လုပ်ရပ်များကို ဆန့်ကျင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

“တို့တွေအနာဂတ်ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့”
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပြုလုပ်သည့်
စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်
“မွေးမြူရေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲ(၂၀၂၂)” “Livestock Fair 2022”
၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှ ၃၀ ရက်
စက်စက်ယိုကွင်း၊ နေပြည်တော်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၆

ထူးခြားသည့် ညအပူချိန်များမှာ မိုင်းယန်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ ဟားခါးမြို့နှင့် တွန်းဇံမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ကျိုင်းတုံမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## မွေးမြူရေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ (၂၀၂၂) အကြိုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၆

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စက်စက်ယိုကွင်း၌ ကျင်းပမည့် မွေးမြူရေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ (၂၀၂၂) ကျင်းပရေး အကြိုပြင်ဆင်မှုများကို ဇန်နဝါရီ ၂၄ ရက်တွင် ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြသည်။

တိရစ္ဆာန်အစာပင် စိုက်ပျိုးကျွေးမွေးသည့်စနစ် ဖွံ့ဖြိုးစေခြင်းဖြင့် အသားစားနွား၊ နို့စားနွား၊ သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ တိုးတက်ထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းစားသုံးမှုအတွက် အသား၊ နို့ နှင့် နို့ထွက်ပစ္စည်းများ ဖူလုံစေပြီး မွေးမြူရေးထွက်ကုန်ကြမ်းကုန်ချောများ ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရန်၊ မွေးမြူရေးသမားအချင်းချင်း အပြန်အလှန်ဆက်သွယ်မှုကွန်ရက် ကျယ်ပြန့်လာစေခြင်းဖြင့် ပြည်တွင်း ပြည်ပဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းလာစေရန်နှင့် မွေးမြူသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ထုတ်လုပ်မှုကောင်းမွန်သော အသားစားနွား၊ နို့စားနွားနှင့် သိုး၊ ဆိတ်မျိုးများကို ဖော်ထုတ်၍ မျိုးထိန်းမျိုးပွားမျိုးမြှင့်လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပမည့် အဆိုပါ ပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

## အငယ်တန်းအင်ဂျင်နီယာ(၃) မြို့ပြအလုပ်ခွင်ဝင် Online သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇန်နဝါရီ ၁၀ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ခဲ့သည့် အငယ်တန်းအင်ဂျင်နီယာ (၃)မြို့ပြ အလုပ်ခွင်ဝင် Online သင်တန်းဆင်းပွဲကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ခေတ္တတာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်က သင်တန်းသားများ၏ Capacity Development တိုးတက်လာစေရန်၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် ပညာရပ်များကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်စေရန်၊ အင်ဂျင်နီယာကျင့်ဝတ်များကို လိုက်နာနိုင်စေရန်နှင့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွား၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် စိတ်စေတနာကောင်းများဖြင့် ဆောင်ရွက်ကြရန် ပြောကြားသည်။

သင်တန်းသို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်း



အင်ဂျင်နီယာ(၃) မြို့ပြသင်တန်းသား သင်တန်းသူ ၈၂ ဦး တက်ရောက်ပြီး ခေတ္တတာဝန်ခံ ညွှန်ကြားရေးမှူးချုပ်က သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်

# သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေး

တက္ကသိုလ်များသည် အသိပညာနှင့် အတတ်ပညာများကို တွေးတောကြံစည်နိုင်အောင်နှင့် လေ့လာသင်ကြားပေးသည့် ကျောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ကျောင်းများသည် အဆင့်တစ်ခုရှိရန်လိုကြောင်း၊ တက္ကသိုလ်များ၏ ဥပမိရုပ်နှင့် ကျောင်းများ၏ မြင်ကွင်းများကောင်းရန်၊ လူသွားလမ်းများကောင်းရန်နှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး ဖန်တီးပေးရန်လိုကြောင်း၊ အလားတူ အဆောက်အဦများနှင့် ကျောင်းပရိဝုဏ်များကောင်းမွန်စေရေး ကြိုတင်စဉ်းစားဆောင်ရွက်၍ တည်ဆောက်ရန်လိုကြောင်း၊ ကျောင်းသားများ သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေးအတွက် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ စနစ်တကျရှိရန်လိုကြောင်း၊ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည်လည်း အရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာတတ်ကျွမ်းရုံတင်မက ကျောင်းသား၊ ကျောင်းသူများ နားလည်စေရေး သင်ကြားပေးနိုင်ရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## "အာဆီယံအဖွဲ့တွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်နေမှုနှင့် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေး"

◆ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အာဆီယံအဖွဲ့တွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်နေမှုနှင့် အာဆီယံဘုံ သဘောတူညီချက် ၅ ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ အာဆီယံနိုင်ငံများအတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေနှင့် မြန်မာနိုင်ငံအနေဖြင့်အကောင်းဆုံးဖြစ်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အခြေအနေ၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံသို့ စေလွှတ်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေ၊ ပြည်တွင်းအကြမ်းဖက်မှုပပျောက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးအခြေအနေနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် လာရောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် မာန်အောင်ကျွန်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် Manaung Island Resort မာန်အောင်ကမ်းခြေဟိုတယ် ဖွင့်ပွဲသို့တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြား

**စစ်တွေ ဇန်နဝါရီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒေါက်တာ ညွန့်ဖေ၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်ချုပ် ထင်လတ်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်နုမြဇံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မာန်အောင်မြို့နယ် ကအီးကျေးရွာအနီးရှိ မာန်အောင်ကျွန်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် Manaung Island Resort မာန်အောင်ကမ်းခြေဟိုတယ်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မာန်အောင်ကျွန်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်း စီမံကိန်းဆိုင်းဘုတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒေါက်တာ ညွန့်ဖေ၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက် ရခိုင်မဂ်လာစည်တော်အဖွဲ့က စည်တော်တီးကာ ရခိုင်ရိုးရာအကအဖွဲ့က ဗျာလ်ယိမ်းအကဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် Manaung Island Resort မာန်အောင်ကမ်းခြေဟိုတယ် View Point မှ ကအီးကျေးရွာ ကမ်းခြေ၏ သဘာဝအလှကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် တာဝန်ရှိသူများက Manaung Island Resort မာန်အောင်ကမ်းခြေ ဟိုတယ်




ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်က အဖွင့်အမှာစကား ပြောကြားရာတွင်နိုင်ငံတော်ကကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့် အခါတွင် ကျောက်ဖြူမြို့နယ် တစ်ခုတည်းကိုသာမက ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ် များအားလုံးကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးမှုရှိစေရန် ရည်ရွယ်ပြီး ဒေသလွှမ်းခြုံစီမံချက် (Regional Master Plan )ကို အတည်ပြုဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များရှိသည့် အရပ်ဒေသ၊ သဘာဝတရားအတိုင်း ဖြစ်တည်နေသည့် နေရာများသည် တစ်နေ့ထက်တစ်နေ့ တန်ဖိုးရှိလာပြီး လူသားများကို ဆွဲဆောင်နိုင်သည့် နေရာဒေသများ ဖြစ်လာပါကြောင်း၊ ထို့ကြောင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသည် တစ်နေ့ထက်တစ်နေ့တန်ဖိုးရှိလာသကဲ့သို့ မာန်အောင်ကျွန်းသည်လည်း ကျွန်း၏ မူလရှိရင်းစွဲ သဘာဝအလှတရားများကြောင့် မြန်မာနိုင်ငံနှင့် ရခိုင်ပြည်နယ်၏ ထင်ရှားသည့် ခရီးစဉ်ဒေသ တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက အမှာစကား ပြောကြားပြီး မာန်အောင်မြို့ မြို့မိမြို့ဖ ဦးသာညွန့်နှင့် မာန်အောင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်လှိုင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် Manaung Island Resort မာန်အောင်ကမ်းခြေ ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)(သင်ကြား / စီမံ၊ စာသင်သား) သံဃာတော်များအား Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ဩဝါဒ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏လမ်းညွှန်မှုအရ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းကို ဆောင်ရွက်ရာ ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကြီး၏ ဘုရားခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ(ပထမအဖွဲ့ခွဲ)ဆရာတော်ကြီး(၉)ပါးအား လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သမဝါယမ တန်ဆောင်း၌ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သင်ကြား/စီမံ၊ စာသင်သား သံဃာတော် ၂၄၉ ပါးတို့အားလည်းကောင်း ကာကွယ်ဆေးထိုးနှံခဲ့သည်။ **(ယာပုံ)**

ဇန်နဝါရီ ၂၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ တက္ကသိုလ် သင်ကြား/စီမံ၊ စာသင်သားသံဃာတော် ၁၂၈ ပါးကိုလည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းတန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပဏ္ဍာသမဏာများ စုစုပေါင်း ၂၂ ပါးတို့ကိုလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်သည်။

ထို့အတူ မတ် ၄ ရက်မှ ၉ ရက်အထိ အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုသမအစည်းအဝေးနှင့် မတ် ၁၁ ရက်မှ ၁၃ ရက်အထိ အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယနှင့် စတုတ္ထအစည်းအဝေးများကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးများသို့ ကြွရောက်မည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ စုစုပေါင်း ၅၁၄ ပါးအား လည်းကောင်း၊ မတ် ၁၄ ရက်မှ ၃၁ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ပရိယတ္တိစာသင်တိုက်ကြီးများရှိသံဃာတော်များနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) သင်ကြား/စီမံ၊ စာသင်သားရဟန်း/သာမဏေများ စုစုပေါင်း ၄၀၇၈ ပါးတို့ကို Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၂ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော ဓမ္မာစရိယ အထူးအောင် ၄ ပါး၊ ပါဠိဂုဏ်ထူးအောင် ၁ ပါး၊ မြန်မာဂုဏ်ထူးအောင် ၅ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၄ ပါး၊ မဟာဝိဒူအောင် ၆ ပါးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ သောကြာနေ့၊ မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့၊ မဟာ အတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ အထူးအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများပေးပို့ဆက်ကပ်ပင့်ဆောင်မည် ဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့၊ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ မီဒီယာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC) မှ ၂၀၂၂ ခုနှစ်၏ ပထမဆုံးသော မီဒီယာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ YRTC ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ မီဒီယာရှင်းလင်းပွဲတွင် သက်ဆိုင်ရာ YRTC မှ တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက မီဒီယာတွေ့ဆုံပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က အသေးစိတ် ဆွေးနွေးကာ ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ထွေးက YRTC အနေဖြင့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးနှင့် စစ်ဆေးရေးအဖွဲ့များ၏ လတ်တလော စစ်ဆေးအရေးယူဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တက်ရောက်လာသော မီဒီယာများအား ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်ပြီး တွဲဖက်အတွင်းရေးမှူးက မီဒီယာအသီးသီး၏ မေးမြန်းမှုကို ဖြေကြားရာတွင် “ဒီကနေ့ကျင်းပတဲ့ မီဒီယာတွေ့ဆုံဆွေးနွေးပွဲကတော့ အဓိက YPS ကတ်စနစ် အသုံးပြုနိုင်ရေးကို ခရီးသွားပြည်သူအားလုံး သိစေချင်တယ်။ ဘယ်လိုဝယ်ရတယ်၊ ဘယ်လိုသုံးရတယ်၊ ဘယ်လို အကျိုးကျေးဇူးတွေ ရရှိတယ်ဆိုတာကို ပြည်သူတွေ အားလုံးသိစေချင်တာ၊ အမြဲတမ်း YPS ကတ်အသုံးပြုရင် စပယ်ယာတွေ (ယာဉ်နောက်လိုက်တွေနဲ့ ဆက်ဆံရတဲ့အခက်အခဲတွေ) ငွေအကြွေရှာရတဲ့ အခက်အခဲတွေ၊ လတ်တလော ကြုံတွေ့နေရတဲ့ ကိုဗစ်နဲ့ ပတ်သက်လို့လည်း ကြိုတင်ကာကွယ်ရာ ရောက်ရှိမှာဖြစ်ပါတယ် စတဲ့အကျိုးတွေရရှိမှာ ဖြစ်ပါတယ်”ဟု ဖြေကြားသည်။

ယခု လတ်တလောတွင် YPS ကတ်များကို YUPT၊ YBPC၊ GYCY၊ ဗန္ဓုလနှင့် လူထုမိတ်ဆွေ ကုမ္ပဏီ ငါးခုမှ YBS ယာဉ်အစီးရေ ၁၉၄ စီးတွင် တပ်ဆင်အသုံးပြုလျက်ရှိသည်။ ကျန်သည့် ရန်ကုန်မြို့အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းကုမ္ပဏီများ၊ ယာဉ်ပိုင်ရှင်များနှင့်လည်း YPS ကတ်ကို ခရီးသွားပြည်သူများအကြားတွင်ကျယ်စွာ ဆက်လက်အသုံးပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် YRTC နှင့် တွဲဖက်ပူးပေါင်း လုပ်ကိုင်လျက်ရှိသော Asia Starmar Transport Intelligent Co.,ltd က ဆက်လက်ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မြင့်မိုရ်**
**ဓာတ်ပုံ- မင်းထက်**

## သတင်းပေးပို့ဖော်ပြမှု အများဆုံးဆုရရှိသည့် သီပေါမြို့နယ် ပြန်/ဆက်ရုံးအား ထပ်ဆင့်ဂုဏ်ပြု

**သီပေါ ဇန်နဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မြို့နယ်အလိုက် သတင်းပေးပို့မှုအများဆုံး ဒုတိယဆုရရှိသည့် သီပေါမြို့နယ်ရုံးနှင့် အထူးဆုရရှိသည့် နောင်ချိုမြို့နယ်ရုံး၊ နမ္မတူမြို့နယ်ရုံးတို့အား အပြန်ခရီးတွင် အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဂုဏ်ပြုပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်Jett Tea House ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးဌေးအောင် ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ဂုဏ်ပြုစကား ပြောကြား၍ အမှတ်တရ လက်ဆောင်ပစ္စည်းများကို သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နီလာစိုးအား ပေးအပ်ပြီး နောင်ချိုမြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် စလင်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ တက်ရောက်

**မကွေး ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့ ပေါင်းနားရပ်ကွက် ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်ဆီဂျင် စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အောက်ဆီဂျင်စက်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များ ထည့်ဝင်လှူဒါန်းသည့် Oxygen Plant နှင့် အဆောက်အအုံကို ဆေးရုံအုပ်ကြီးထံ လွှဲပြောင်းပေးအပ်ကာ Oxygen Plant နှင့် အဆောက်အအုံကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆိပ်ဖြူမြို့သို့ ရောက်ရှိပြီး (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး အဆောက်အအုံသစ်အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်လွင်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်နှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ထွေးကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။



ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက် သစ်တောရုံးလမ်း ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

**မောင်ညီညာ**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီးရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားခြောက်ခရိုင်အမျိုးသား၊ အမျိုးသမီး ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဟုတ်ဝမ်က ရိုးရာခြင်းလုံးနှင့်အလံကို ပေးအပ်သည်။ ယင်းနောက် ရိုးရာခြင်းလုံး နိုင်ငံ့ဂုဏ်ဆောင်



ရွှေတံဆိပ်ဆုရှင် အောင်မျိုးမြင့် (ဟင်္သာတ)၊ အောင်ဇော်လင်း (ဓနုဖြူ)၊ ကောင်းမြတ်သီဟ (မြန်အောင်)၊ မမင်းမင်းစိုး (မြန်အောင်)၊ မသင်းသင်းနိုင် (လပွတ္တာ)၊ ဧရာဝတီတိုင်း လက်ရွေးစင် မမှုံနှံ့သာတို့က "ပြည်ထောင်စု နှလုံးသား" မြန်မာ့ရိုးရာခြင်းလုံး ကစားကွက်ဆန်းဖြင့် ပြသကြသည်။

မြောင်းမြခရိုင်မှ အမျိုးသား/အမျိုးသမီးအသင်းနှင့် ပုသိမ်ခရိုင် အသင်းတို့မှ စတင်ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာနှင့် တိုင်းစစ်ဌာနချုပ်ရှိ အဘိုးအဘွားများကို ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်- ၁၉ ရောဂါ အထောက်အကူပြုဆေးဝါးပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးပဒေသာပင်အလှူငွေများ သွားရောက်ထောက်ပံ့ပေးအပ်ရာ အဘိုးအဘွားများကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။(အောက်ပုံ) ယင်းနောက် နယ်မြေခံဆေးအဖွဲ့က အဘိုးအဘွားများကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်ရှိ ကန်တော့ခံဘိုးဘွား ၂၃ ဦးကို တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် သာသနဝံသမဏ္ဍပ်၌ ပူဇော်ကန်တော့ပြီး အလှူငွေများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ ကန်တော့ခံ အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကားနှင့် ဆုပေးစကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဘိုးအဘွားများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းပြီး နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘူးသီးတောင်မြို့၌ ဆောင်းရာသီဖိတ်ခေါ်ဖလားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ဘူးသီးတောင် ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ၂၀၂၂ ခုနှစ် ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆောင်းရာသီ ဖိတ်ခေါ်ဖလား အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ဘူးသီးတောင်မြို့ မြို့မအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါဆုပေးပွဲအခမ်းအနား၌ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော (ပန်းဇင်)အသင်း၊ ဒုတိယဆုရရှိသော (မီးရထား) အသင်း၊ တတိယဆုရရှိသော ( Member)အသင်းနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရရှိသော (မီးရထား)အသင်း၊ ဒုတိယဆုရရှိသော (ပန်းဇင်)အသင်း၊ တတိယဆုရရှိသော (လက်ဝဲဘက်) အသင်းတို့အား လည်ဆွဲဆုတံဆိပ်၊ ဆုဖလားနှင့် ပထမ ငွေကျပ်သုံးသိန်း၊ ဒုတိယ ငွေကျပ်နှစ်သိန်း၊ တတိယ ငွေကျပ် တစ်သိန်းဆုများနှင့် ပြိုင်ပွဲတွင် ပံ့ပိုးကူညီပေးကြသော အသင်းများအား ဂုဏ်ပြုဆုများကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



အဆိုပါ ၂၀၂၂ ခုနှစ် ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆောင်းရာသီ ဖိတ်ခေါ်ဖလား အလွတ်တန်းအမျိုးသားဘော်လီဘောပြိုင်ပွဲကို အသင်းရှစ်သင်းနှင့် အမျိုးသမီးထုပ်ဆီးတိုး ပြိုင်ပွဲ အသင်းရှစ်သင်းတို့ဖြင့် ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**လှကျော်(မြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# စာအုပ်ပုံတွေကြားက ...... တာဝန်သိနိုင်ငံသား

စာချစ်သူ

**အင်တာနက်ဈေးနှုန်းတွေ တက်သွားတော့ ယခင်ကသို့နှယ် မိုးလင်းမိုးချုပ် ဖေ့စ်ဘွတ်ကို မပွတ်နိုင်တော့။ ညပိုင်းတစ်ချိန်မျှသာ လိုင်းပေါ်တက်နိုင်တော့သည်။ တစ်ခုကောင်းသည်က ယခင်ကဖေ့စ်ဘွတ်လိုင်းပေါ်တွင်သာ တမေ့တမောကုန်လွန်ခဲ့သော အချိန်များသည် ကိုယ့်အတွက် အချိန်ပိုထွက်လာသည်။ မိသားစု အိမ်မှုကိစ္စအချို့ကို ဝင်ရောက်ပါဝင် ကူညီခွင့်ရလာသည်။ ဘုရားကျောင်းဆောင်ရှေ့တွင် သံသရာအရေးအတွက် ဘာဝနာအရေးကို စိတ်အေးလက်အေးဆောင်ရွက်ခွင့်ရလာသည်။ အထူးသဖြင့် စာဖတ်ချိန် ပိုထွက်လာခြင်းဖြစ်သည်။**

အခြားသူများအဖို့တော့မသိ၊ ကျွန်တော်မှ ရေငတ်တုန်းရေတွင်းထဲ ကျဘိသို့နှယ် ဖြစ်ရသည်။ ဖေ့စ်ဘွတ်၏ဆွဲဆောင်မှုကြောင့် ကာလအတန်ကြာ မေ့လျော့နေခဲ့သော စာအုပ်စင်သည် ယခုမှ အသက်ဝင်လာသည်။ ကာလအတန်ကြာအိပ်ပျော်နေသော ကျမ်းအိပ်တို့သည် ယခုမှ တစ်ဖန်ပြန်လည် သက်ဝင်နိုးထလာသည်။ ငယ်စဉ်က တစ်နေ့ လျှင် အနည်းဆုံး စာအုပ်သုံး၊ လေးအုပ်နှုန်းဖတ်ခဲ့သော စာဖတ်အားတို့သည် ဟောင်းပေမယ့်လည်း ကောင်းနေဆဲ အင်ဂျင်ပါဝါတစ်ခုလို ခုတ်မောင်းအားမှန်လာသည်။

မဖတ်ဖြစ်သည်မှာ ကြာပြီဖြစ်သည်မို့ မေ့လျော့နေသည့် စာအုပ်အဟောင်းအချို့ကို ပြန်ရွေးပြန်နွေးရင်း တဝကြီးဖတ်မိသည်။ ဦးနှောက်က နာလန်ထခါစမို့ အတ္ထုပ္ပတ္တိ၊ သုတ၊ ရသ လုံးချင်းစာအုပ်များထက် တစ်ပုဒ်ချင်းဖတ်လို့ရသည့် ဆောင်းပါးစာစုများကိုသာ ရွေးဖတ်ရသည်။ အထူးသဖြင့် ဆရာကြီး သခင်အောင်ဖေ၏ မိုးဂျာနယ်ပါ တစ်ချိန်က ဆောင်းပါးပေါင်းချုပ်များ၊ ဆရာမောင်ဝံသ၏ အတွေးအမြင်ဆောင်းပါးများ၊ ရှာမှရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးစာအုပ်တို့ကို တစ်ပုဒ်ချင်း တစ်ပုဒ်ချင်း ဖတ်ဖြစ်သည်။

**နိုင်ငံသားတစ်ဦး၏ တာဝန်**

"တာဝန်သိနိုင်ငံသား"။ ဆရာမောင်ဝံသ၏ အတွေးအမြင်ဆောင်းပါးတစ်ပုဒ်။ ဆရာက အမေရိကန်နိုင်ငံ မစ်ရှီဂန်တက္ကသိုလ်၌ သတင်းစာပညာသင်တန်းတက်ရောက်ခဲ့စဉ်က အတွေ့အကြုံကလေးအချို့ကို ဖော်ပြရင်း တာဝန်သိနိုင်ငံသားတို့၏ သဘော သဘာဝနှင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကို မီးမောင်းထိုးပြခဲ့သည်။

"ထိုနေ့ညနေ ကျောင်းကပြန်လာသောအခါ အဆောင်ခန်းတွင်း၌ ခါတိုင်းနှင့်မတူဘဲ အေးစိမ့်စိမ့်ဖြစ်နေပါသည်။ တစ်ခန်းတည်းနေ အမေရိကန်လူငယ် ဂရန့်ကို မေးကြည့်ရာ သူကသတင်းစာထိုးပြပြီး သမ္မတ၏ကြေညာချက်ကို ဖတ်ခိုင်းသည်။

"ကျွန်တော်တို့ရဲ့သမ္မတကြီးက ၆၅ ဒီဂရီထက်ပိုမသုံးပါနဲ့လို့ တောင်းပန်ထားတယ် ခင်ဗျ။ ဒါကြောင့် ကျွန်တော် လျှော့ထားတာ"ဟု သူကပြောသည်။ အခန်းတွင်း အပူချိန်ထိန်းညှိသော နံရံကပ်ကိုရီယာကို ကျွန်တော် ကြည့်လိုက်ရာ တကယ်ပင် ၆၅ ဒီဂရီအမှတ် သို့ ရွှေ့ထားသည်ကို တွေ့ရသည်။

> ◆ လျှပ်စစ်ဓာတ်အား ချွေတာရေးနည်းလမ်းများအနက် ဓာတ်အားသုံးစွဲမှုများသော မီးသီး၊ မီးချောင်းများအစား LED မီးသီး၊ မီးချောင်းများ အစားထိုးခြင်း၊ မလိုအပ်သောနေရာများ၊ အချိန်များတွင်မီးပိတ်ထားပြီး လိုအပ်သောနေရာများကိုသာ မီးခလုတ်ဖွင့်ခြင်းတို့ကို လိုက်နာဆောင်ရွက်ပေးကြပါရန်လည်း မေတ္တာရပ်ခံနိုးဆော်ထားလေရာ ကျွန်တော်တို့သည် ဖော်ပြပါ "တာဝန်သိနိုင်ငံသား" ဆောင်းပါးထဲက အသက် ၂၀ အရွယ် အမေရိကန်လူငယ်လေး ဂရန့်ကဲ့သို့ "သမ္မတကြီးရဲ့မေတ္တာရပ်ခံချက်ကို ကျွန်တော်တို့ လေးစားရမယ်ဗျ"ဆိုဘိသို့ နိုင်ငံတော်၏မေတ္တာရပ်ခံချက်ကို တာဝန်သိနိုင်ငံသားအားလုံး လေးစားလိုက်နာကြရန် လိုအပ်ပေသည်

**မေတ္တာရပ်ခံချက်ကို လေးစားရမယ်**

"နေပါဦး ငါ့လူရယ်၊ ငါက အပူပိုင်းဇုန်က လာတာကွယ့်၊ တို့ဆီမှာ ၆၅ ဒီဂရီဆိုတာ ဂွမ်းစောင်ကြီး နှစ်ထပ်လောက်ခေါင်းမြီးခြုံပြီး နေရလောက်တယ်။ မလုပ်ပါနဲ့ကွယ်။ ငါ့မှာ အပြင်မှာလည်း သွေးခဲလုအောင် နေ့စဉ်ဒုက္ခခံပြီး သွားလာနေရ၊ ကိုယ့်အခန်းထဲ ပြန်ရောက်လို့မှ နွေးနွေးထွေးထွေးမနေရရင် မလွယ်ဘူးကွ"ဟု ကျွန်တော်က တောင်းပန်ရသည်။ ဂရန့်က "သမ္မတကြီးရဲ့ မေတ္တာရပ်ခံချက်ကို ကျွန်တော်တို့ လေးစားရမယ်ဗျ"ဟု ဆိုပြန်ပါသည်။

> ❒ သမ္မတ ဂျင်မီကာတာခေတ်တွင် လောင်စာရှားပါးမှုပြဿနာကို ကာကွယ်သောအားဖြင့် ဆောင်းရာသီကာလအတွင်း အမေရိကန်ပြည်သူများ အပူဓာတ်လျှော့ချသုံးစွဲကြရန် တစ်နိုင်ငံလုံးသို့ မေတ္တာရပ်ခံခဲ့သည်။ အမေရိကန်အားလုံး အိမ်တွင်းအပူဓာတ်အားကို ၆၅ ဒီဂရီ(ဖာရင်ဟိုက်)သာ အများဆုံးထားရှိကြရန် မေတ္တာရပ်ခံခဲ့ဖူးသည်။ ဆောင်းတွင်းကာလ၌ အမေရိကန်တို့ အိမ်တွင်း အပူဒီဂရီပုံမှန်ထားကြသည်မှာ ၇၀-၇၂ ဒီဂရီခန့်ဖြစ်သည်

ကျန်အခန်းဖော်များကလည်း ချော့မော့ဖျောင်းဖျမှ ဂရန့်က လျှော့လာသည်။ ကျွန်တော်တို့ကလည်း လျှော့ပေးရသည်။ သို့ဖြင့် အခန်းတွင်း အပူဒီဂရီကို ခါတိုင်း ၇၂ ဒီဂရီ ထားနေရာမှ ၇၀ ဒီဂရီထားရန်၊ လေးယောက်စလုံးမရှိချိန်(ကျောင်းသွားချိန်)တွင် ၆၅ ဒီဂရီသို့ လျှော့ချခဲ့ရန်၊ အခန်းတွင်း တစ်ယောက်ပြန်ရောက်မှ ၇၀ ဒီဂရီပြန်ထားရန် သဘောတူဆုံးဖြတ်လိုက်သည်။

ဂရန့်မှာ အသက် ၂၀ မျှသာ ရှိသေးသည်။ ကျွန်တော်သည် သူကလေးကိုကြည့်၍ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ခေါင်းဆောင်ကို ချစ်ခင်မြတ်နိုး လေးစားတတ်သော သူ့စိတ်ဓာတ်အား အလေးပြုမိခဲ့ပါသည်"ဟု တခုတ်တရ ရေးသားဖော်ပြခဲ့လေသည်။

**သမ္မတ ဂျင်မီကာတာခေတ်တွင် လောင်စာရှားပါးမှုပြဿနာကို ကာကွယ်သောအားဖြင့် ဆောင်းရာသီကာလအတွင်း အမေရိကန်ပြည်သူများ အပူဓာတ်လျှော့ချသုံးစွဲကြရန် တစ်နိုင်ငံလုံးသို့ မေတ္တာရပ်ခံခဲ့သည်။ အမေရိကန်အားလုံး အိမ်တွင်းအပူဓာတ်အားကို ၆၅ ဒီဂရီ(ဖာရင်ဟိုက်)သာ အများဆုံးထားရှိကြရန် မေတ္တာရပ်ခံခဲ့ဖူးသည်။ ဆောင်းတွင်းကာလ၌ အမေရိကန်တို့ အိမ်တွင်း အပူဒီဂရီပုံမှန်ထားကြသည်မှာ ၇၀-၇၂ ဒီဂရီခန့် ဖြစ်သည်။**

ထို့ပြင် သမ္မတဂျင်မီကာတာသည် လောင်စာဆီ ချွေတာသောအားဖြင့် ဘတ်စ်ကားစီးကြရန် နှိုးဆော်ခဲ့ရာ သမ္မတ၏ ပန်ကြားချက်ကြောင့် ဘတ်စ်ကားစီးသူ ယခင်ကထက် နှစ်ဆခန့်တိုးလာခဲ့သည်။

**ကျွန်တော်တို့နိုင်ငံမှ နိုင်ငံသားများအဖို့မူ "နိုင်ငံသားတစ်ဦးရဲ့တာဝန်ကဘာ၊ တာဝန်သိ နိုင်ငံသားဆိုတာ ဘာလဲ"ဆိုသည်ကိုရောသိမှသိပါလေစ။ ရှည်ရှည်ဝေးဝေး၊ ကြီးကြီးကျယ်ကျယ်တွေးစရာမလိုပါ။ ဆရာမောင်ဝံသ၏ "တာဝန်သိနိုင်ငံသား" အတွေးအမြင်ဆောင်းပါးတိုလေးတွင် "ဥပဒေကို ရိုသေလေးစားလိုက်နာရမည့် တာဝန်သည် နိုင်ငံသားကောင်းတို့၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားကောင်းဖြစ်လိုလျှင် ဥပဒေကို ရိုသေလေးစားရမည်ဖြစ်ကြောင်း" မီးမောင်းထိုးတင်ပြထားပါသည်။**

လက်ရှိကာလတွင် ခေတ်အခြေအနေအရ ပြည်သူများသည် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို သိသိသာသာ ပိုမိုသုံးစွဲလာကြခြင်းကြောင့် နိုင်ငံတော်၏ ဓာတ်အားစနစ်အတွင်း ဝန်အားသုံးစွဲမှုများ မြင့်တက်လာပြီး ဓာတ်အားလိုအပ်ချက်များဖြစ်ပေါ်လာခဲ့ရာ ပြည်သူများ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲကြရန် သက်ဆိုင်ရာက အသိပေးတိုက်တွန်း နှိုးဆော်လျက်ရှိသည်။

**လျှပ်စစ်ဓာတ်အား ချွေတာရေးနည်းလမ်းများအနက် ဓာတ်အားသုံးစွဲမှုများသော မီးသီး၊ မီးချောင်းများအစား LED မီးသီး၊ မီးချောင်းများ အစားထိုးခြင်း၊ မလိုအပ်သော နေရာများ၊ အချိန်များတွင် မီးပိတ်ထားပြီး လိုအပ်သော နေရာများကိုသာ မီးခလုတ်ဖွင့်ခြင်းတို့ကို လိုက်နာဆောင်ရွက်ပေးကြပါရန်လည်း မေတ္တာရပ်ခံနှိုးဆော်ထားလေရာ ကျွန်တော်တို့သည် ဖော်ပြပါ "တာဝန်သိနိုင်ငံသား" ဆောင်းပါးထဲက အသက် ၂၀ အရွယ် အမေရိကန် လူငယ်လေး ဂရန့်ကဲ့သို့ "သမ္မတကြီးရဲ့ မေတ္တာရပ်ခံချက်ကို ကျွန်တော်တို့ လေးစားရမယ်ဗျ"ဆိုဘိသို့ နိုင်ငံတော်၏ မေတ္တာရပ်ခံချက်ကို တာဝန်သိနိုင်ငံသားအားလုံး လေးစားလိုက်နာကြရန် လိုအပ်ပေသည်။**

**နိုင်ငံသားကောင်းပီသ**

ထို့အတူ တာဝန်သိနိုင်ငံသားဟူသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမှအစ အများသူငှာအကျိုးအတွက် သက်ဆိုင်ရာက ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို တစ်သဝေမတိမ်း လေးစားလိုက်နာခြင်း၊ နိုင်ငံတော်ကိုပေးဆောင်ရမည့် အခွန်အခများကို မပျက်မကွက်ပေးဆောင်ခြင်းဖြင့်လည်း နိုင်ငံသားကောင်းပီသမှုကို ပြသကြရပေမည်။

**နိုင်ငံ့သားကောင်း မပီသသူအချို့ကမူ အများသူငှာ အကျိုးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လစ်ရင်လစ်သလို ချိုးဖောက်ကျူးလွန်တတ်ကြသည်။ မလုပ်နှင့်ဆို လုပ်လိုက်ရမှ ကျေနပ်သည်။ ရှက်ရကောင်းမှန်းမသိ။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖော်နေကြသည့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း စည်းကမ်းဖောက်သူကိုမှ ဟီးရိုးဟု ထင်မြင်ယူဆတတ်ကြသည်။ လက်ခုပ်ဩဘာပေးကြသည်။ ရှုတ်ချရကောင်းမှန်း မသိကြ။ သူတို့အဖို့ နိုင်ငံသားကောင်း၊ တာဝန်သိနိုင်ငံသား တစ်ဦးဆိုသည်မှာ ဝိုင်းဟားစရာဖြစ်ရလေသည်။**

တကယ်တော့ လက်နက်ကိုင်တော်လှန်ပုန်ကန်မှ နိုင်ငံတော်ကို ဖျက်ဆီးခြင်း မဟုတ်ပါ။ နိုင်ငံသားတစ်ဦးလိုက်နာရမည့်တာဝန်၊ ဝတ္တရားများကို မလိုက်နာဘဲ စည်းပျက်ကမ်းပျက်နေထိုင်ပြုမူလုပ်ဆောင်နေခြင်းကလည်း နိုင်ငံတော်ကိုတစ်စတစ်စ ဆုတ်ယုတ်ပျက်စီးအောင် အတွင်းက လှိုက်စားဖျက်ဆီးနေခြင်းမည်ပေသည်။

တစ်နေ့က သူငယ်ချင်းမောင်းနှင်သည့် တက္ကစီယာဉ်ငှားစီးရင်း ရှေ့ကကြုံသလို ကွေ့၊ ကြုံသလိုမောင်း၊ ကားရှေ့ခေါင်းထိုး အတင်းဝင်ထွက် စည်းမဲ့ကမ်းမဲ့ယာဉ်မောင်း အချို့ကိုကြည့်ရင်း စိတ်ထဲစနိုးစနောင့်ဖြစ်ရသည်။ သူကလည်း "ဒီလူတွေ စည်းကမ်းမရှိဘူး"ဟု ညည်းတွားရေရွတ်လေသည်။

"နိုင်ငံသားတစ်ဦးရဲ့တာဝန်ဟာ ဘာလဲ၊ ခင်ဗျားသိလား"

သူသည် ကားမောင်းနေရင်းမှ ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လေသည်။

"နိုင်ငံသားတစ်ဦးရဲ့တာဝန်က အများသူငှာအကျိုးအတွက် ထုတ်ပြန်ထားတဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ လေးစားလိုက်နာခြင်းပဲဗျ"

ကိုယ့်အမေးကို ကိုယ့်ဘာသာကိုယ်ပင် ဖြေလိုက်မိသည်။

တန်ဖိုးရှိသော ဆောင်းပါး၊ စာပေများသည် စာဖတ်သူတို့၏ ဦးနှောက်နှင့် နှလုံးသားတွင် အမြဲစွဲမြဲထင်ဟပ်လေ့ရှိပါသည်။ အကြောင်းတိုက်ဆိုင်လျှင်လည်း ဤသို့ အမှတ်ထင်ထင် ပေါ်ပေါက်လာတတ်ပါသည်။

အင်တာနက်ဈေးနှုန်းများ တက်ခိုက်တွင် အင်တာနက်အလွန်အကျွံသုံးစွဲခြင်းကို လျှော့ချ၍ စာဖတ်ချိန်ကို ဆက်လက်မြှင့်တင်ရပါဦးမည်။ ကျွန်တော့်အဖို့မူ အဟောဝတ ကောင်းလေစွ။ ။

# ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အတွက် တိုက်ပွဲရှောင်ပြည်သူများ နေရပ်အသီးသီးသို့ ထပ်မံပြန်လည်ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၆

**ကယားပြည်နယ်အတွင်း PDF အမည်ခံအကြမ်းဖက် အဖွဲ့များ၊ KNPP အဖွဲ့အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ထိတွေ့တိုက်ပွဲများကြောင့် တိုက်ပွဲဖြစ်ပွားရာနေရာများနှင့် လွတ်ကင်းသည့်နေရာများသို့ တိမ်းရှောင်လျက်ရှိသည့် လွိုင်ကော်မြို့ပေါ်အပါအဝင် အဆိုပါဒေသတစ်ဝိုက်မှ အပြစ်မဲ့ပြည်သူများကို နယ်မြေပြန်လည်တည်ငြိမ်အေးချမ်းပြီဖြစ်သည့် ၎င်းတို့၏နေရာဒေသများ၌ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွိုင်ကော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူ ၂၈၀၇ ဦးတို့သည် ၎င်းတို့နေရပ်သို့ ထပ်မံပြန်လည်ဝင်ရောက်နေထိုင်ခဲ့ကြောင်း သိရသည်။**



ထိုသို့ ပြန်လည်ဝင်ရောက်လာသည့် တိုက်ပွဲရှောင်ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျလက်ခံခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကယားပြည်နယ်အတွင်း NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှ စတင်၍ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဇန်နဝါရီလအတွင်း ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိလာသဖြင့် ဈေးများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အေးချမ်းတည်ငြိမ်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အပြင် ဘုရား၊ စေတီများနှင့် အခြားဘာသာရေး ကျောင်းများ၌လည်း ဘုရားဖူးဝတ်ပြုဆုတောင်းသူများနှင့် ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့ရန်အတွက် ပြင်ဆင်ထားသည့် သိမ်းဆည်းရမိ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဒေသခံပြည်သူများအား ထောက်ပံ့ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၆

အကြမ်းဖက် အဖွဲ့အစည်းများ ဖြစ်သည့် NUG ၊CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို ထောက်ပံ့ရန်အတွက် လွိုင်ကော်မြို့နယ် ဘာဒိုကျေးရွာ



အဆောက်အဦ တစ်လုံးအတွင်း၌ သိမ်းဆည်းထားရှိသည့် လက်ဆွဲအိတ် အလုံး ၁၂၀၊ ခေါက်ဆွဲထုပ် ၁၉၅၀၊ ကွေကာအုပ် အထုပ် ၁၂၀၊ အသားဘူးမျိုးစုံ ၇၆၀၊ ဆီဘူး ၅၅၀၊ စောင် အထည် ၁၀၀ နှင့် ကုလားပဲ၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ အစရှိသည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်း ရမိခဲ့သည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို လွိုင်ကော်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် လောခမ္မရပ်ကွက်ရှိ သီရိမင်္ဂလာဈေး (တောင်ဈေး)၌ တပ်မတော်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဖြန့်ဝေထောက်ပံ့ပေးအပ်ကြသည်။ **(ဝဲပုံ)**

အကြမ်းဖက်အဖွဲ့အစည်းများ ဖြစ်သည့် NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် အတွင်း၌ အများပြည်သူတို့ အသုံးပြုလျက်ရှိသည့် လေဆိပ်ကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လွိုင်ကော် အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်သို့ လာရောက်နှောင့်ယှက်ပစ်ခတ်ခြင်း၊ နေအိမ်အဆောက်အဦများ အကာအကွယ်ယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် မြို့နေပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အကာအကွယ်ပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်း အပါအဝင် အခြားအကြမ်းဖက်မှု လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများမှာ ကြောက်ရွံ့ထိတ်လန့်၍ ဈေးဆိုင်များ ပိတ်ထားရသည့်အပြင် လမ်းခရီးအခက်အခဲများကြောင့် ကုန်စည်စီးဆင်းမှုတွင် အဟန့်အတားဖြစ်ပေါ်ကာ လူသုံးကုန်ပစ္စည်းများ ပြတ်လပ်ခြင်း၊ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ သိမ်းဆည်းရမိပစ္စည်းများကို ဖြန့်ဝေပေးခဲ့သဖြင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးစပါးရာသီတွင် လယ်သမားကြီးများအား စိုက်ပျိုးစရိတ် ၂၅ ကေအထိ ပေးနိုင်ရန်ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၂၂ ခုနှစ် မိုးစပါးရာသီတွင် လယ်သမားကြီးများအား စိုက်ပျိုးစရိတ် ၂၅ ကေအထိ ပေးနိုင်ရန် ဆွေးနွေးနေကြောင်း ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ယွန်းလှုံ လယ်ယာအထောက်အကူပြုစခန်းတွင် ကျင်းပသည့် နွေစပါးရာသီ ကန့်ထရိုက်လယ်ယာတောင်သူများသို့ ပုလဲဓာတ်မြေဩဇာ ထောက်ပံ့ခြင်းနှင့် သဘာဝသစ်စိမ်းမြေဩဇာ စနစ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

"ကျွန်တော်တို့ လယ်သမားကြီးတွေကို စိုက်ပျိုးစရိတ်ချေးငွေ ရရှိဖို့ စိုက်/ဘဏ်က ၁၀ ကေအထိ ထုတ်ပေးတာရှိတယ်။ ၁၀ ကေအထက် လယ်သမားများက မိသားစုတွေနဲ့ခွဲပြီး လုပ်တာလည်း ရှိပါတယ်။ ဒါ့ကြောင့် လယ်သမားကြီးတွေကို စိုက်ပျိုးစရိတ် ၂၅ ကေအထိ လာမယ့်မိုးစပါးရာသီမှာ စတင်ပြီးပေးဖို့ ဆွေးနွေးနေတဲ့ အနေအထားရှိပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာ မပေးနိုင်ရင် တောင်မှ ရောဂတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်ကို စပြီးပေးဖို့ နိုင်ငံတော်အစိုးရကလည်း သဘောတူထားတာရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

"သဘာဝသစ်စိမ်းမြေဩဇာဘာကြောင့်ဆောင်ရွက်ဖို့ လိုအပ်လာပြီလဲဆိုတော့ ကမ္ဘာလုံးဆိုင်ရာ ဓာတ်မြေဩဇာရဲ့ဈေးနှုန်းဟာ လက်ရှိရော အနာဂတ်မှာပါ တက်ရိပ်ပဲရှိတယ်။ ဒါ့ကြောင့် မလွဲမသွေ ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ဖို့၊ ဓာတ်မြေဩဇာကို မှီခိုပြီးတော့ စိုက်ပျိုးရတာကို လျှော့ချနိုင်ဖို့အတွက် သဘာဝသစ်စိမ်းဓာတ်မြေဩဇာ ပိုက်ဆံလျှော်ကို စိုက်ပျိုးခြင်း ဆောင်ရွက်ဖို့ စတင်အားထုတ်ရခြင်း ဖြစ်ပါတယ်။ သဘာဝသစ်စိမ်း မြေဩဇာကို သုံးစွဲခြင်းအားဖြင့် ဓာတ်မြေဩဇာ သုံးစွဲရမှုထက်ဝက် ဒါမှမဟုတ် ထက်ဝက်မကလျှော့ချနိုင်တဲ့ အခြေအနေကို ရရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝသစ်စိမ်း မြေဩဇာကနေ ရရှိမယ့် နိုက်ထရိုဂျင်ဓာတ်သည် Chemical ဖြစ်တဲ့ ပုလဲဓာတ်မြေဩဇာကနေရရှိတဲ့ နိုက်ထရိုဂျင်ဓာတ်ထက် သဘာဝက ရတာဖြစ်တဲ့အတွက်ကြောင့်မို့ ထွက်ရှိလာတဲ့ သီးနှံတွေအပေါ်မှာ အာဟာရအရည်အသွေးဟာ ပိုပြီးတော့ မြင့်မားလာမှာ ဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ စိုက်ပျိုးစရိတ်မြင့်တက်မှုကို ဒီနည်းလမ်းနဲ့ ကုစားဖို့ တောင်သူတွေနဲ့ ပူးပေါင်းလက်တွဲပြီးတော့ ကြိုးပမ်းတာဖြစ်ပါတယ်" ဟု လယ်ယာအထောက်အကူပြုစခန်း ရွှေပြေးစီမံကိန်း ဥက္ကဋ္ဌ ဦးအောင်မျိုးဦးက ပြောသည်။



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာတွင် နွေစပါးစိုက်ပျိုးထားမှုကို တွေ့ရစဉ်။

လက်ရှိတွင် သဘာဝသစ်စိမ်းမြေဩဇာစနစ် ဆောင်ရွက်လျက်ရှိသည့် လယ်ယာအထောက်အကူပြုစခန်း ရွှေပြေးစီမံကိန်းကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ခဲ့ပြီး စီမံကိန်းဧရိယာ (၁)အနေဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာတွင် လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဧရိယာ (၂) အားဒိုက်ဦးမြို့နယ်တွင် လည်းကောင်း၊ ဧရိယာ (၃) အနေဖြင့် သာယာဝတီခရိုင် သာယာဝတီမြို့နယ် ရှမ်းစုကျေးရွာတွင် လည်းကောင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး**

# တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့် အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၆**

တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့် အမျိုး၊ ဘာသာ၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပဲခူးတိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ စကားဝါမြေကျီးတောင်တောရ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာသာမိနှင့် တိုင်းဒေသကြီး သံဃနာယက ဆရာတော်များ၊ သန်လျင်မြို့ ပင်မနယ်လှည့် သစ္စာဓိဋ္ဌာန်စတုဒိသာနတ်စင်တစ်ရာဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာတေဇ အမှူးပြုသောသံဃာတော်အရှင်သူမြတ်များအား အမှူးထား၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းချေမ်းမြေ့ရုံ၌ ပြုလုပ်သည်။



ဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများက စကားဝါမြေကျီးတောင်တောရ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် နတ်စင်တစ်ရာဆရာတော်ထံမှ ဩဝါဒစကား နာယူကြပြီး သံဃာတော်များအား တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဧည့်ပရိသတ်များက နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်တပ်မတော်မှဆောင်ရွက်လျက်ရှိသည့် အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် သိန်း ၃၀၀ ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး(ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်အောင်မြင် သရက်ကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏ ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဌာန / အဖွဲ့အစည်းများတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ Virtual စနစ်ဖြင့် ကျင်းပရာ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၂ ခုနှင့် ကော်မရှင်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။** (အောက်ပုံ)




ညှိနှိုင်းအစည်းအဝေး၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီ အဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၇ ခုတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းထားပြီး CPU များ၏ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန် (၃) ရပ်နှင့် လုပ်ငန်းအစီအစဉ် (၆) ရပ်တို့ကို ချမှတ်၍ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

CPU ၏ လုပ်ငန်းအစီအစဉ် (၆)ရပ်ပါ ဆဋ္ဌမမြောက်အချက်ကို အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း များ၏ ဝန်ဆောင်မှုရယူကြသည့် ပြည်သူများထံသို့ တယ်လီဖုန်းမှတစ်ဆင့် စာတို (Short Message Service – SMS) ပေးပို့၍ မေးခွန်းများ မေးမြန်းခြင်းဖြင့် ပြည်သူလူထု၏ တုံ့ပြန်မှုများ ရယူနိုင်ရေးအတွက် Short Code “1111” အသုံးပြု၍ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ကာ ပြည်ထောင်စုဝန်ကြီးဌာန / အဖွဲ့အစည်း ၁၃ ခုတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ PFP Web Portal အသုံးပြုနည်းသင်တန်းများကိုလည်း ဆွေးနွေးပို့ချပေးလျက်ရှိကြောင်း။

ပြည်ထောင်စု ဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၃ ခုအနေဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ CPU Account ၄၃ ခု၊ DEO Account ၅၄၀ ဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ယနေ့အထိ ဝန်ဆောင်မှုရယူခဲ့သော ပြည်သူ ၁၆၃၉၀ ထံ Short Code “ 1111” ဖြင့် SMS များ ပေးပို့၍ မေးမြန်းခဲ့ရာ တုံ့ပြန်အကြံပြုချက်များ ပေးပို့လာသည့် ပြည်သူ ၂၁၃၀ ရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများက ပြည်သူလူထု၏ တုံ့ပြန်မေးမြန်းအကြံပြုချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည့် ဖြေရှင်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အသုံးပြုဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ကြောင်း၊ ဌာန၏ ဝန်ဆောင်မှု လုပ်ငန်းများအပေါ် ပြည်သူလူထု၏ အကြံပြုချက်နှင့် သဘောထားအမြင်များကို လျင်မြန်စွာ သိရှိနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြေရှင်းမှုများ ဆောင်ရွက်ပေးနိုင်သဖြင့် အကြံပြုချက်များမှတစ်ဆင့် ဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်စေရေးအတွက် CPU ဖွဲ့စည်းထားပြီး ပြည်သူသို့ ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသော်လည်း အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် ကျန်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်ကို ထပ်မံအသုံးပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ညှိနှိုင်း အစည်းအဝေးတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အသုံးပြုဆောင်ရွက်နေသည့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အသုံးပြုဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် နည်းပညာဆိုင်ရာ အခက်အခဲများ၊ Short Code “1111” အသုံးပြု၍ ဝန်ဆောင်မှုရယူသော ပြည်သူများထံသို့ SMS ပေးပို့မေးမြန်းပြီး တုံ့ပြန်မှုရယူရာတွင် ပြည်သူလူထု၏ တုံ့ပြန်မေးမြန်း အကြံပြုချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုနှင့် အခြားအကြံပြုလိုသည်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းအေးသာစံမြို့နယ်၌ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး အသိပညာပေး

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှတားဆီး ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ(Talk Show) ကို ယနေ့ နံနက်ပိုင်းက မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်သူဇာလွင်က အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (မန္တလေး) တပ်ဖွဲ့စုမှူး ဒုရဲအုပ်မှူး ဒေါ်သူဇာလွင်က အမျိုးသမီးများ၊ အမျိုးသမီးများ၏ အခွင့်အရေးကို ချိုးဖောက်ပြီး အမျိုးသမီးဖြစ်ခြင်းကြောင့် ခွဲခြားဆက်ဆံခံရမှုများ၊ အမျိုးသမီးများအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်း၊ စီးပွားရေးပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ၊ ထိခိုက်နစ်နာစေသော လူမှုဓလေ့ထုံးတမ်းဆိုင်ရာ အကြမ်းဖက်မှုပြုလုပ်ခြင်းများ၊ ပတ်ဝန်းကျင်တွင် ဖြစ်ပွားလျက်ရှိသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား အရေးယူပေးနိုင်သည့် ဥပဒေများကို အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☼ ညီညွတ်ခြင်းသည် အင်အား
တိုင်းရင်းသားများ
လက်တွဲထား
ပြည်ထောင်စု၏
ပြည့်ခွန်အား။

# လူငယ်နှင့်စာပေပွဲတော် အရောက်လာဖို့ တို့ဖိတ်ခေါ်



လူငယ်နှင့်စာပေပွဲတော်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ စာအုပ်စာပေများ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၆

**“ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့” ဆိုသည့် ဆောင်ပုဒ်နှင့် အညီ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပတော့မည်ဖြစ်သည်။**



ဦးကျော်ဇင်စိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အဆိုပါပွဲတော်ကြီး၌ မြန်မာနိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များနှင့် ကလေးများ ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာအုပ်စာပေများ၊ သမိုင်းဝင်စာချုပ် စာတမ်းများ၊ မှတ်တမ်းများ ခင်းကျင်းပြသခြင်း၊ အားကစားလှုပ်ရှားဆောင်ရွက်မှုပြခန်းများ ဖွင့်လှစ်ပြသခြင်း၊ သိပ္ပံနှင့် နည်းပညာပြခန်းများ ပြသခြင်းနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် အားကစားကဏ္ဍ၏ အရေးပါပုံများကို ပြသမည့်အပြင် မြန်မာနိုင်ငံ လေကြောင်း ဝါသနာရှင်များအသင်း၏ လေကြောင်းပညာရပ်ဆိုင်ရာ သရုပ်ပြသခြင်းကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူငယ်နှင့်စာပေပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများကလည်း မိမိတို့ တာဝန်ယူထားသည့် ကဏ္ဍအလိုက် အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိသည့်အပြင် လူငယ်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးအတွက်လည်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိပြီး လုံခြုံရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။



လူငယ်နှင့်စာပေပွဲတော်အတွက် ဝန်ကြီးဌာနအလိုက် ပြခန်းများ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။

ပွဲတော်တွင် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်စိုးက “ပွဲတော်မှာ စာပေဆိုင်ရာလှုပ်ရှားမှုနဲ့ အသိပညာပေးပြခန်းတွေ ပါဝင်ပါမယ်။ နောက်ပြီး အနုပညာဖျော်ဖြေရေးတွေအပြင် လူငယ်တွေ ပါဝင်နိုင်မယ့်ပြိုင်ပွဲတွေလည်း စီစဉ်ထားပါတယ်။ အားကစားလှုပ်ရှားမှုအနေနဲ့ မြန်မာ့လက်ရွေးစင် အားကစားသမားတွေ လေ့ကျင့်နေပုံတွေကိုလည်း လေ့လာလို့ရမယ်။ မြန်မာနိုင်ငံ လေကြောင်း ဝါသနာရှင်များအသင်းကနေပြီး လေယာဉ်ပုံစံငယ် လွှတ်တင်မှုတွေကိုလည်း ပြည့်ပြည့်စုံစုံနဲ့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပွဲတော်မှာ ပြခန်းပေါင်း ၃၀ကျော် ပြသသွားမှာဖြစ်ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့စာအုပ် စာတမ်းတွေကို ဝယ်ယူလို့ရအောင်လည်း စာအုပ်အရောင်းဆိုင်တွေ စီစဉ်ထားပါတယ်။

“ပွဲတော်ကိုလာရောက်တဲ့ လူငယ်နဲ့ ကလေးတွေပျော်ရွှင်စေဖို့အတွက် အမှတ်တရ လက်ဆောင်တွေ ပေးသွားဖို့လည်း ရှိပါတယ်။ လူငယ်တွေကို စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ဖြစ်စေဖို့အတွက် အိမ်ဆောက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲတွေကိုလည်း ထည့်သွင်းထားပါတယ်။ ပွဲတော်ကို လာရောက်ဖို့အတွက် နေပြည်တော် ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ ကျောင်းတွေက ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုတွေကိုလည်း ဖိတ်ခေါ်ထားပါတယ်။ ကျွန်တော်တို့ပွဲတော်ကြီးကို ခမ်းခမ်းနားနားဖြစ်အောင် စီစဉ်ဆောင်ရွက်ထားတဲ့အတွက် မည်သူမဆို ပျော်ပျော်ရွှင်ရွှင်နဲ့ လွတ်လပ်စွာ လာရောက်ဆင်နွှဲနိုင်ဖို့ ဖိတ်ခေါ်ပါတယ်”ဟုပြောသည်။

အဆိုပါ ပွဲတော်ကြီးကို မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များ ဖြစ်လာမည့် ကလေးများနှင့် လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ လူငယ်များ၏ တီထွင်ဖန်တီးလိုစိတ် ရင့်သန်လာစေရန်နှင့် စာပေဖတ်ရှုလေ့လာလိုစိတ် မြင့်မားလာစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

ထိုသို့ ကောင်းမွန်သည့် ရည်ရွယ်ချက်များပြည့်ဝစွာဖြင့် နိုင်ငံတော်အစိုးရမှ စေတနာအပြည့်ဖြင့် စီစဉ်ဆောင်ရွက်ထားသည့် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်သို့ အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် ကလေးများနှင့် လူငယ်များအနေဖြင့် တက်ကြွသော ခြေလှမ်းများဖြင့် လှမ်းလာကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။

**သတင်း- အောင်စိုး၊ ဓာတ်ပုံ- ထိန်အေး**






လူငယ်နှင့်စာပေပွဲတော်အတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာများ၊ အားကစားကဏ္ဍဆိုင်ရာ ပုံရိပ်များနှင့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။

# စေတနာနှင့်ကံ

ဇော်လေး

"သူငယ်ချင်း၊ ဟသ်ာတကို ရောက်ဖူးသလား။"

"ရောက်ဖူးတာပေ့ါ။ ဟသ်ာတတင် မကဘူး။ သူ့ပတ်ဝန်းကျင်က ထူးကြီး၊ အင်္ဂပူ၊ ညောင်ကျိုး၊ ပဲကြီးကျွန်း၊ နိဗ္ဗာန်၊ တလုတ္တော်၊ လေးမျက်နှာ၊ အထောင်၊ ဇလွန် စသဖြင့် စုံအောင်ရောက်ခဲ့ဖူးပါတယ်။"

"ဘာကိစ္စလဲ"

"စာပေဟောပြောပွဲလေ။ နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ ဆောင်းရာသီဆို ခရီးထွက်နေရတာ ရက်ဆက်ပေပဲ။"

"ဒါဆို တချို့မြို့တွေ၊ ရွာတွေ အခေါက်ခေါက် အခါခါ ရောက်ဖူးမှာပေ့ါ။"

"ဖိတ်ခေါ်ရာ မြို့ရွာကို သွားခဲ့တာပဲ သူငယ်ချင်းရ။ လက်ဆောင်ရရ မရရ၊ ညဏ်ပူဇော်ခ ငွေကြေးရရ မရရ၊ စာပေပြန့်ပွားရေး၊ စာဖတ်သူများ တိုးပွားရေးအတွက် ဖိတ်ရင် လိုက်တာပဲလေ။ ပဲကြီးကျွန်းရွာဆို လေးခေါက်၊ နိဗ္ဗာန်ရွာ(ဆရာကြီး ဦးဖိုးကျား ဇာတိရွာ)ဆို နှစ်ခေါက် စသည်ဖြင့် ရောက်ခဲ့ဖူးတယ်။ အင်္ဂပူ၊ ညောင်ကျိုးရွာဆိုလည်း လေးခေါက်။ မအူပင် လေးအိမ်စုရွာ ငါးခေါက်။"

"တစ်ခါနဲ့တစ်ခါ၊ တစ်ခေါက်နဲ့တစ်ခေါက်၊ ဒေသတွေရဲ့ ပြောင်းလဲမှုတွေလည်း တွေ့ရမှာပေ့ါနော်"

"မှန်တယ်။ ၄-၅နှစ်ကြာမှ တစ်ကြိမ် စသဖြင့် လာခေါ်တော့ အချိန်ကွာခြားတာနဲ့အမျှ ကျေးရွာမြို့ပြတွေရဲ့ ပြောင်းလဲတိုးတက်မှုတွေကို နှိုင်းယှဉ်မြင်တွေ့ရပါတယ်။ အထူးသဖြင့် ကျေးလက်လမ်းတွေ ပိုပိုပြီးကောင်းမွန်လာတယ်။ ကျောင်းတွေဖွင့်လာတယ်။ ကျေးလက်ကျန်းမာရေး၊ တိုက်နယ်ဆေးရုံလေးတွေရှိလာကြတယ်။ အရင်ကနဲ့စာရင် လျှပ်စစ်မီးတွေ၊ ရုပ်မြင်သံကြားတွေလည်း ရှိလာကြတယ်ပေ့ါကွယ်။"

"တစ်နေ့က သတင်းစာထဲမှာ ပါတယ်။ ဟသ်ာတမြို့နယ် ပဲကြီးကျွန်းရွာမှာ နေရောင်ခြည်စွမ်းအင်နဲ့ ဆိုလာလျှပ်စစ်မီးစက်ဖွင့်ပွဲ လုပ်တယ်။ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်လည်း တက်တာတွေ့ရတယ်။ အံ့သြစရာကောင်းတဲ့ ပြောင်းလဲမှုပဲနော်။ လျှပ်စစ်မီးသာရလို့ကတော့ အိမ်ခြေ ၄၀၀-၅၀၀ ရှိတဲ့ ရွာကြီးဟာ မြို့ပြလိုပဲ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်သွားနိုင်မှာပဲနော်။"

"ပဲကြီးကျွန်းရွာသားတွေရဲ့ ထူးခြားချက်က ဟိုးလွန်ခဲ့တဲ့ ၁၅ နှစ်ကျော်ကာလကတည်းက စာကြည့်တိုက် ထူထောင်ခဲ့တယ်။ ရန်ကုန်ကိုလာပြီး ကိုယ့်ဆီက စာအုပ်အလှူခံတယ်။ နှစ်စဉ်နှစ်တိုင်း လိုလို စာပေဟောပြောပွဲအတွက် စာရေးဆရာတွေ ချိတ်ဆက်ဖိတ်ခေါ်ပေးရတယ်။ ဆရာအီကြာကွေး၊ ဆရာနွမ်ဂျာသိုင်း၊ ဆရာမောင်ငြိမ်းသူ၊ ဆရာကောင်းသန့် စသည်ဖြင့် ရက်ပေးနိုင်သူတွေနဲ့ ညှိနှိုင်းစီစဉ်ပေးခဲ့တယ်။ ဒါကြောင့် အချို့နှစ်တွေမှာ ကိုယ်တိုင်လိုက်နိုင်ရင် လိုက်ပါတယ်။ လှေတစ်တန်၊ နွားလှည်းတစ်တန်၊ ဆိုင်ကယ်တစ်တန် စသဖြင့် ခက်ခက်ခဲခဲသွားခဲ့ရတာတွေလည်း ရှိတယ်။ စာဖတ်သူများတဲ့ ရွာကွဲ့။ စာပေကို စိတ်ဝင်စားကြတဲ့ လူကြီးလူငယ်တွေ ထုနဲ့ထည်နဲ့ရှိတဲ့ရွာ။ စာများများဖတ်တော့ အမြင်ကျယ်တာပေ့ါ သူငယ်ချင်းရာ။ ဘွဲ့ရတဲ့ကလေးတွေလည်း အတော်များပါတယ်။ ပညာရေးကို အားပေးတယ်။ အခြားနယ်က ကျေးရွာတွေထက် သိသိသာသာ ချောင်လည်တယ်။ အလုပ်ကြိုးစားတာနဲ့အမျှ စည်းလုံးကြတယ်ဗျ။"

"ဆရာကြီး လယ်တွင်းသားစောချစ် ပြောဖူးတဲ့ ကားဝပ်ရှော့သူဌေး ဦးထိန်လင်းတို့ရွာရော သူငယ်ချင်း ရောက်ဖူးသေးလား။"

"ကိုယ်မရောက်ဖူးဘူး။ ဟသ်ာတမြို့နယ်ထဲကပဲ။ နိဗ္ဗာန်ရွာနဲ့လည်း နီးပုံရတယ်။ ကားလမ်းမကြီးပေါ်က မဟုတ်ဘူး။ အတွင်းထဲ နည်းနည်းဝင်ရတယ် ထင်တယ်။"

"ကားဝပ်ရှော့၊ ကားအရောင်းအဝယ်၊ သယ်ယူပို့ဆောင်ရေးသာမက ရော်ဘာခြံလုပ်ငန်းပါ လုပ်ကိုင်နေပြီလို့ သိရတယ်။ အတန်းပညာလည်း ကောင်းကောင်းမွန်မွန် မသင်ခဲ့ရဘဲနဲ့ ကိုယ့်အားကိုယ်ကိုး ကြိုးစားရုန်းကန်ရင်း ကြီးပွားချမ်းသာအောင်မြင်လာခဲ့တဲ့ တောလက်ကျေးရွာဇာတိသူဌေးတစ်ယောက်အကြောင်း ဆရာကြီးလယ်တွင်းသားစောချစ် ဟောပြောပွဲမှာ တစ်ခါက ပြောဖူးတာသတိရလို့ပါ။"

"အေး၊ ကိုယ်လည်း ကြားဖူးပါတယ်။ ကိုထိန်လင်းအကြောင်းကို ဆရာကြီးလယ်တွင်းသား စောချစ်နဲ့ ဟောပြောပွဲတွေ အတူတူသွားကြရင်း အချို့ဟောပြောပွဲတွေမှာ လူငယ်တွေ အားတက်အောင် နမူနာသဘော ထည့်ပြောတာတွေ တွေ့မိပါတယ်။ လူတွေဟာ ကြီးမားကြွယ်ဝလာကြတဲ့အခါ ငယ်စဉ်က ဆင်းဆင်းရဲရဲနေခဲ့ရတဲ့ဘဝကို လူအများ မသိမမြင်စေချင်လေတော့ စာပေစင်မြင့်ပေါ်က စာရေးဆရာက စေတနာနဲ့ လေးစားဂုဏ်တင်ပြီး မြှင့်ပေမယ့် ကာယကံရှင်က ကြိုက်ချင်မှ ကြိုက်မှာဆိုတော့ သတိပြုဆင်ခြင်ရတာတွေလည်း ရှိတတ်ပါသေးတယ်။"

"ဟုတ်တာပေ့ါ"

"ကိုထိန်လင်း ရွာကနေ ထွက်လာတော့ အဝတ်တစ်စုံ ကိုယ်တစ်ခုပါပဲ။ ကားခပေးစရာ ပိုက်ဆံတောင် တစ်ပြားတစ်ကျပ်မှ မပါခဲ့ပါဘူး။ ကားစပယ်ယာက ကားခတောင်းတော့ ကျွန်တော့်မှာ ပိုက်ဆံမပါလို့ပါခင်ဗျာဆိုပြီး အကြောင်းအမှန် တောင်းပန်တိုးလျှိုး ပြောရရှာတယ်။ ကားစပယ်ယာက စိတ်ဆိုးပြီး ထိုးမလို ကြိတ်မလို မာန်မဲပြီး မောင်းချလို့ ယာဉ်မောင်းဆရာက ခရီးသည်လူငယ်ရဲ့ ရုပ်ရည်ကြည့်ပြီး သနားကမားမို့ လူမိုက်လုပ်ဗိုလ်ကျ ကားခမပေးတာမျိုး မဟုတ်မှန်း အကဲခတ်မိတယ်။ သနားသွားပြီး နေပါစေကွာ။ မရလည်း မတောင်းပါနဲ့တော့။ သူ့ကို ကယ်တင်လိုက်တယ်။"

"မောင်ထိန်လင်းဟာ ကားခမပေးရဘဲ စီးခွင့်ပြုခဲ့တဲ့ ကားဒရိုင်ဘာကို ကျေးဇူးတင်လွန်းလို့

**"ခေတ်ကြီးက ဆိုးပါတယ်၊ ပျက်ပါတယ်၊ လူတွေ မွဲနေပါပြီ၊ ငတ်နေပါပြီ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရှားပါးနေပါပြီ စသဖြင့် အဖျက်ဘက်အမြင်နဲ့ ရေးကြပြောကြတဲ့ သတင်းစာဆရာ၊ စာရေးဆရာတွေ တောထနေတဲ့ကာလမျိုးမှာပဲ ကိုထိန်လင်းက လူငယ်လုပ်သား တစ်ရာနီးပါးနဲ့ နေ့မအား ညမနား ကားဘော်ဒီအကြီးစားတွေ၊ ကားပြင်လုပ်ငန်းတွေနဲ့ သိန်းပေါင်းရာချီ အကျိုးအမြတ်ရတဲ့ စက်မှုလုပ်ငန်းကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့တယ်"**



ဟသ်ာတမြို့နယ် ပဲကြီးကျွန်းကျေးရွာ၌ ဇန်နဝါရီ ၂၃ ရက်က Solar Mini Grid မီးလင်းရေးဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

ဟသ်ာတ- ရန်ကုန်ခရီးစဉ်တစ်လျှောက် ခရီးသည် အိတ်တွေ၊ အထုပ်တွေ၊ တောင်းတွေ အတင်အချ ဟူသမျှ ကူညီပြီး ထမ်းပိုးဆွဲယူ သူကတစ်လှည့် အခမဲ့ဝန်ဆောင်မှု လုပ်ပေးနေရှာပါတယ်။ ကားစပယ်ယာကလည်း အလိုအလျောက် တပည့်လက်ထောက်တစ်ယောက် အလကားရလို့ ကျေနပ်သွားတာပေ့ါ။"

"သူငယ်ချင်းပြောမှ ရုပ်ရှင်ကြည့်ရသလိုပဲကွာ။ ကြီးပွားချမ်းသာမယ့် လူငယ်ဟာ စိတ်ကောင်း စေတနာကောင်းဆိုတဲ့ ပင်ကိုအရင်းအနှီးက တော်တော်ကြီး အဓိကကျပေတာပဲနော်။"

"မေတ္တာပေးရင် မေတ္တာရကြစမြဲပဲလေ။ မေတ္တာ စေတနာမှန်နဲ့ ဆက်ဆံရင် ဘယ်သူမဆို သဘောကျတာပဲ။ ရန်ကုန် ခရီးဝေး ကားကြီးကွင်းရောက်တော့ ခရီးသည်အားလုံး ကိုယ့်ပစ္စည်းကိုယ်ဆွဲပြီး အသီးသီး ကားပေါ်ကဆင်း။ ထွက်ခွာသွားကြတာပေ့ါ။ မောင်ထိန်လင်းတစ်ယောက်ပဲ ကျန်ရစ်နေခဲ့တယ်။ ကားဆရာက မေးတယ်။ မောင်ရင်က ဘယ်ကို သွားမှာလဲ။ ရန်ကုန်။ ဟ... ဒါရန်ကုန်ပဲ ဆင်းတော့လေ။ သွားစရာနေစရာမရှိဘူး။ ဟောဗျာ... ဆွေမျိုးနီးစပ်ရာဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းဖြစ်ဖြစ် သွားတည်းလေ။ အဲဒါလည်း မရှိပါဘူးခင်ဗျာ။ ကားဒရိုင်ဘာ ဒီကလေးအကြောင်း သဘောပေါက်ပြီ။ လက်နှစ်ချောင်း ခြေနှစ်ချောင်းနဲ့ ရန်ကုန်မှာ အလုပ်ရှာလုပ်မယ်ဆိုပြီး တက်လာတဲ့ကောင်၊ အရင်းအနှီး ငွေတစ်ကျပ်တောင် မပါတဲ့ကောင်၊ ညစာဝယ်မစားနိုင်လို့ အငတ်ခံမယ့် အခြေအနေ။ ကဲ-ဒါဆို ကားပေါ်မှာပဲ အိပ်၊ ရတယ်၊ ကားအစောင့်တာဝန် မင်းယူရမယ်။ ဒီလိုနဲ့ ကားကြီးကွင်း ရန်ကုန်-ဟသ်ာတကားဂိတ်မှာ ညစောင့်၊ ရေဆေး၊ ကုန်ထမ်း၊ အလုပ်ကြမ်း၊ စပယ်ယာရဲ့တပည့် အထွေထွေလုပ်သားဖြစ်သွားလေသတည်း။"

"ဟုတ်ပေ့ကွာ။ စပယ်ယာရဲ့နောက်လိုက်တပည့်ကနေ စပယ်ယာ၊ စပယ်ယာဘဝကနေ ကြာလာတော့ အရန်ဒရိုင်ဘာ၊ အရန်ဒရိုင်ဘာ ကုန်ကားမောင်းဘဝမှ လူစီးကားဒရိုင်ဘာနေရာ လွတ်တော့ ကားအုံနာသူဌေးကို ရွာကနေ ရန်ကုန်အထိ အခမဲ့တင်ခေါ်လာပေးတဲ့ ကျေးဇူးရှင်ဒရိုင်ဘာက ထောက်ခံလို့ ဒရိုင်ဘာဘဝရောက်လာရော။ ဆရာလယ်တွင်းသားစောချစ်ပြောတာ ဝတ္ထုဇာတ်လမ်းလိုပဲကွာ။ စိတ်ဝင်စားစရာကောင်းတယ်။"

"မောင်ထိန်လင်းက စပယ်ယာ ဆရာတွေကို သေသေချာချာလေ့လာကြည့်တယ်။ တော်တဲ့လူ၊ ကောင်းတဲ့လူဆီက အတုယူတယ်။ အရက်သောက်၊ ချဲထိုး၊ အချိန်ဖြုန်းတဲ့ လူတွေနဲ့ ဝေးဝေးနေတယ်။ လူကသာ အနိမ့်ဆုံးအထွေထွေအလုပ်ကြမ်းသမား။ ရည်မှန်းချက်က ကိုရီးယားဇာတ်လမ်းတီဗွီထဲက သူဌေးကြီးလို အချမ်းသာဆုံးဖြစ်ရမယ် ဆိုတဲ့ မူလရည်ရွယ်ချက်က စွဲစွဲမြဲမြဲ ပြင်းပြင်းထန်ထန် ထက်ထက်သန်သန် ရှိနေတယ်။"

"အဲဒါ ကွာခြားချက်ပဲ။ ကားသမားတွေဟာ ကောင်းကောင်းစားမယ်၊ ကောင်းကောင်း ဖြုန်းမယ်။ ငွေရတုန်း ပျော်သလိုနေမယ်၊ ကျေနပ်မိန်းမောနေသူက များကြတယ်။ ကားဆရာထဲမှာ ကိုထိန်လင်းက ရည်မှန်းချက် တိတိကျကျရှိတော့ ကားကိုပြင်ဖို့ ဝပ်ရှော့ထိုးရင် သူက ကားအကြောင်း အသေးစိတ်သိအောင် လိုက်လေ့လာတယ်။ ဝပ်ရှော့ထောင်ဖို့ ငွေစုတယ်။ ရိုးရိုးဖြောင့်ဖြောင့် မသောက်မစားနေတော့ လူတိုင်းက လေးစားတယ်။ အဲဒါက အောင်မြင်မယ့်လူရဲ့ လက္ခဏာတွေပဲ။"

"မှန်တယ်သူငယ်ချင်း၊ ယာဉ်မောင်းဘဝ ဆယ်နှစ်ကျော်လောက် ချွေချွေတာတာ စုဆောင်းခဲ့တာ ဝပ်ရှော့သေးသေးလေး ထောင်နိုင်လာတယ်။ ကားဆရာ မိတ်ဆွေသင်္ဂဟပေါများတာရော၊ အလုပ်ရှိသေလို့ အချိန်တိကျခြင်း၊ ပစ္စည်းမှန်ဈေးမှန်ခြင်း၊ ကားပညာ ကျွမ်းကျင်တတ်မြောက်ခြင်း၊ ဆက်ဆံရေးကောင်းခြင်းတွေကြောင့် ကိုထိန်လင်းရဲ့ စက်မှုလုပ်ငန်းဟာ နှစ်အနည်းငယ်အတွင်းမှာ ဂုဏ်သတင်းရော၊ ငွေကြေးပါ သိသိသာသာ မြင့်မားအောင်မြင်ခဲ့တာပဲ။"

"ခေတ်ကြီးက ဆိုးပါတယ်၊ ပျက်ပါတယ်၊ လူတွေ မွဲနေပါပြီ၊ ငတ်နေပါပြီ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရှားပါးနေပါပြီ စသဖြင့် အဖျက်ဘက်အမြင်နဲ့ ရေးကြပြောကြတဲ့ သတင်းစာဆရာ၊ စာရေးဆရာတွေ တောထနေတဲ့ ကာလမျိုးမှာပဲ ကိုထိန်လင်းက လူငယ်လုပ်သား တစ်ရာနီးပါးနဲ့ နေ့မအား ညမနား ကားဘော်ဒီအကြီးစားတွေ၊ ကားပြင်လုပ်ငန်းတွေနဲ့ သိန်းပေါင်းရာချီ အကျိုးအမြတ်ရတဲ့ စက်မှုလုပ်ငန်းကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့တယ်။"

"ယခုအခါ သူ့ရဲ့ရွာမှာ ဘုန်းတော်ကြီးကျောင်း၊ အထက်တန်းကျောင်းဆောင်၊ စာကြည့်တိုက် စသဖြင့် မွေးရပ်ဇာတိကို ကောင်းကျိုးပြု လှူဒါန်းမှု အစုစုဟာ သာဓုခေါ်စရာတွေ များပါပေရဲ့။ လင်ခရူဇော်၊ ပရာဒိုကားကြီးနဲ့ စာရေးဆရာတွေ ခေါ်သွားပြီး စာပေဟောပြောပွဲတွေလည်း ကျင်းပပေးခဲ့ဖူးပါရဲ့။"

"စာပေဖွံ့ဖြိုးရေးထက် ကိုယ်သန်ရာ၊ ကိုယ်လိုရာ ဆွဲပြောတဲ့ အဆိုးမြင်စာရေးဆရာ အချို့ကြောင့် စာပေစင်မြင့်ဟာ နိုင်ငံရေးမဲဆွယ်တရားဟောရာ ဖြစ်ခဲ့ဖူးတာလည်း သံကို သံဖျက် သံချေးတက်ပဲ။"

"ထားပါတော့လေ။ အဖျက်တွေလည်း ရှိပေမှာပဲ။ အပြုတွေလည်း ရှိနေမှာပဲ။ လောကကြီးကို ဘယ်လို မြင်သလဲဆိုတာကတော့ ရှုမြင်သူရဲ့ ရှုထောင့် ရပ်တည်မှုကို မူတည်မှာပဲ။"

"မှန်တယ်။ ဆိုရိုးတစ်ခု ဖတ်ဖူးခဲ့တယ်- What you see the world absolutely depends upon how you look at it. အရာရာမှာ အပြုသဘောဘက်က ရှုမြင်တတ်မှ ဘဝဆိုတာ ပိုမိုတိုးတက်အောင်မြင်နိုင်ကြပါတယ်"။ ။

* ကျောဖုံးမှ
အမျိုးသမီးနှစ်ဦး ရောက်ရှိလာပြီး ၎င်းတို့နှစ်ဦးကို လက်ထိပ်ခတ် ချုပ်နှောင်ကာ ၎င်းတို့၏မော်တော်ယာဉ်အတွင်းထည့်သွင်း၍ ငွေကျပ် ၅၉၅ သိန်းနှင့် ဒေါ်မျိုးသန္တာညွန့်၏ ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် သုံးသိန်း စုစုပေါင်းငွေကျပ် ၅၉၈ သိန်းခန့် လုယက်ယူဆောင်ကာ ၎င်းတို့ စီးနင်းလာသည့်ယာဉ်ဖြင့် ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော မော်တော်ယာဉ်သည် ယာဉ်အမှတ်၊ YGN-6D/6839 အစား 9F/1553 ပြောင်းလဲတပ်ဆင်၍ အင်းလျားရိပ်သာလမ်းမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ထွက်ခွာသွားကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက်တွင် ပြည်လမ်းမကြီး စော်ဘွားကြီးကုန်း မီးပွိုင့်အနီး၌ ရွှေပြည်သာမြို့နယ် (၃၄/၁၀) ရပ်ကွက် ဖျာပုံလမ်းနေ **ဝင်းမင်းသန်း** (၄၇နှစ်)၊ (၂၅)ရပ်ကွက် သာခုကန်ဘုရားလမ်းနေ **ချစ်စိုးဦး**(၂၅နှစ်)၊ (၂၄)ရပ်ကွက် ကန်ပတ်လမ်းနေ **မင်းအောင်(ခ)တင်မင်းအောင်**(၃၈နှစ်)နှင့် (၂၄)ရပ်ကွက် ဇေယျာသုခ(၁)လမ်းနေ **စိုးဝေကျော်(ခ)စိုးစိုး** (၂၈နှစ်)တို့ လေးဦးကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (လိုင်စင်မဲ့) မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံ **မင်းအောင်(ခ)တင်မင်းအောင်**၏ ထွက်ဆိုချက်အရ ၎င်း၏ နေအိမ်မှ Volty အမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီး ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၂၄ ရက် ညနေပိုင်းတွင် ရွှေပြည်သာမြို့နယ် (၂၄)ရပ်ကွက် ဘုန်းကြီးကျောင်းလမ်းနေ **ကိုထက်(ခ)ရဲထက်** (၄၄နှစ်)နှင့် (၁)ရပ်ကွက် (၄)လမ်းနေ **ဝင်းမြင့်ထွန်း(ခ)အသေးလေး**(၃၇နှစ်)တို့ နှစ်ဦးကို Kawasaki နှင့် Honda အမျိုးအစား မော်တော်ဆိုင်ကယ်နှစ်စီး၊ ငွေကျပ် ၁၀၃၂၀၀၀ နှင့်အတူ ရွှေပြည်သာမြို့နယ် အမှတ်(၃၄/၁၀)ရပ်ကွက် ပုလဲလမ်းရှိ ဆိုင်ကယ် ရောင်းဝယ်ရေးဆိုင်၌ လည်းကောင်း၊ **အောင်ကျော်ဇော(ခ)ကိုအောင်**(၄၄နှစ်)အား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ ၄က်ကြီးတောင်ဓား သုံးချောင်း၊ ငွေကျပ် ၅၉၅၀၀၀၊ Honda Odyssey အမျိုးအစား (လိုင်စင်မဲ့)မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ (၃၄/၁၀) ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မလိခလမ်းနေ **ကျော်သန်း**(၃၆နှစ်)နှင့် ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက် ချောင်းသာပတ်လမ်းနေ **ရဲမင်းကို(ခ)ရဲကြီး**(၃၃နှစ်)တို့ နှစ်ဦးကို ငွေကျပ် ၁၉၅၀၀၊ မော်တော်ဆိုင်ကယ်တစ်စီး၊ Pajero အမျိုးအစား (လိုင်စင်မဲ့)မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်း Triple Three KTV ဆိုင်၌ လည်းကောင်း၊ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မြို့တော်ဂေါက်ကွင်းအိမ်ရာတိုက်(၁)နေ **သက်ဦး** (၃၄နှစ်) ကို ငွေကျပ် ၄၅၀၀၀၊ Jetour အမျိုးအစား မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ မင်္ဂလာဒုံမြို့နယ် သဃ်ာန်းကျွန်းကြီးရပ်ကွက် အမှတ်(၃)လမ်း Valen-tine KTV ဆိုင်၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား ၁၀ ဦးကို ၄က်ကြီးတောင်ဓား သုံးချောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ မော်တော်ဆိုင်ကယ်လေးစီး၊ မော်တော်ယာဉ်လေးစီး၊ ငွေစက္ကူရောရာ ကျပ် ၁၆၉၁၅၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၈ ရက်တွင် ရန်ကင်းမြို့နယ် မင်းရဲကျော်စွာလမ်း၌ လုယက်မှုကျူးလွန်ရာတွင် **ကိုထက်(ခ)ရဲထက်၊ ဝင်းမြင့်ထွန်း(ခ)အသေးလေး၊ ရဲမင်းကို(ခ)ရဲကြီး၊** ဖမ်းဆီးရန်ကျန် **ရွှန်းလဲ့**တို့သည် တရားခံ **သက်ဦး** မောင်းနှင်သည့် YGN-6D/6839 Mark-II အဖြူရောင် (လိုင်စင်မဲ့) ယာဉ်ပေါ်တွင် လည်းကောင်း၊ **ကျော်သန်း၊ စိုးဝေကျော်** နှင့် **ချစ်စိုးဦး** တို့သည် ဝင်းမင်းသန်း မောင်းနှင်သည့် YGN-7D/6457 Pajero ခဲရောင်(လိုင်စင်မဲ့) ယာဉ်ပေါ်တွင် လည်းကောင်း၊ ဖမ်းဆီးရန်ကျန် **ကိုဖြိုး**နှင့် **ဖြိုးလေး**တို့သည် **မင်းအောင်(ခ)တင်မင်းအောင်** မောင်းနှင်သည့် Vitz ခဲရောင်ယာဉ်ပေါ်တွင် လည်းကောင်း လိုက်ပါလျက် လုယက်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် **ကိုဖြိုး၊ ရခိုင်လေး၊ ဖြိုးလေး၊ ရွှန်းလဲ့**တို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ဘဏ်အကောင့်အတွင်းရှိ ငွေနှင့် ငွေသားလဲလှယ်သူများကို လိမ်လည် ချိန်းဆိုခေါ်ယူကာ အုပ်စုဖွဲ့လုယက်မှု ရှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်းနှင့် ကျူးလွန်ခဲ့မှုများအနေဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်းအတွင်း၌ ငွေကျပ်သိန်း ၄၂၀ ကို လည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာတွင် အင်းစိန်မြို့နယ် သံမဏိစက်ရုံလမ်း၌ ငွေကျပ်သိန်း ၁၁၀ ကို လည်းကောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း MCC ခန်းမအနီး၌ ငွေကျပ်သိန်း ၄၇၀ ကို လည်းကောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မရမ်းကုန်းမြို့နယ် သံသုမာလမ်း၌ ငွေကျပ် ၅၆၄၆၀၀၀၀ ကို လည်းကောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် သဃ်ာန်းကျွန်းမြို့နယ် သုဝဏ္ဏ ပေါ်ဆန်းမွှေးလမ်း၌ ငွေကျပ်သိန်း ၇၀၀ ကို လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာတွင် မရမ်းကုန်းမြို့နယ် ဥက္ကလာပဂေါက်ကွင်းအနီး ဂန္ဓမာလမ်း၌ ငွေကျပ်သိန်း ၁၂၀ ကို လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ရက် တွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် အမှတ်(၄)ရပ်ကွက် စိန်စီ(၂)လမ်း၌ ငွေကျပ်သိန်း ၆၀၀ ကို လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် မင်းရဲကျော်စွာလမ်း၌ ငွေကျပ် ၅၉၈ သိန်း ကို လည်းကောင်း လုယက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **သက်ဦး**နှင့် **ကျော်သန်း**တို့သည် လူမှုကွန်ရက် စာမျက်နှာမှ တစ်ဆင့် ငွေလဲလှယ်မည့်သူများကို လိမ်လည်ချိတ်ဆက်ခေါ်ယူပေးခဲ့ပြီး ကျန်တရားခံများက ငွေလုယူသူများအဖြစ် လည်းကောင်း၊ စောင့်ကြည့်ပေးသူများ အဖြစ် လည်းကောင်း ပြစ်မှုကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ အမြန်ဆုံး ဖမ်းဆီးရမိရေး ၎င်းတို့ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံကြောင်း အသိပေးသတင်းထုတ်ထားသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘဏ်အကောင့်အတွင်းရှိ ငွေနှင့် ငွေသားလဲလှယ်ပေးသူများကို လိမ်လည်ချိန်းဆိုကာ လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား





ရွှေပြည်သာမြို့နယ် အမှတ်(၃၄/၁၀)ရပ်ကွက် အမှတ်(၁၃၇၂)နေ တရားခံ အောင်ကျော်ဇော(ခ)ကိုအောင် ထံမှ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။


အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မြို့တော်ဂေါက်ကွင်းအိမ်ရာတိုက်(၁) အခန်း(၈)နေ တရားခံသက်ဦးထံမှ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။


ရန်ကင်းမြို့နယ် မင်းရဲကျော်စွာလမ်း၌ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လက်မခံနိုင်သည့် ပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံကြောင်းနှင့် အကြမ်းဖက်အဖွဲ့များကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများ လုယက်ခြင်း၊ ပုံစံမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်ခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့သော အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်သော အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်အားထောက်ခံပွဲကိုယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ မြန်မာ့တပ်မတော်အားထောက်ခံပါသည်၊ တပ်မတော်သဘောထား ဒို့အလေးထား၊ တပ်မတော်နှင့်အတူရပ်တည်မည်၊ မြန်မာ့တပ်မတော်သည် ပြည်သူ့တပ်မတော်အမှန်ဖြစ်သည်၊ တိုင်းပြည်အေးချမ်းသာယာဖို့ တပ်မတော်ကိုထောက်ခံကြပါစို့၊ NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား တိုက်ဖျက်ကြ၊ မြန်မာ့တပ်မတော်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး စုပေါင်းပါဝင်သောတပ်မတော်ဖြစ်သည်၊ ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်များအား အလိုမရှိ” စသည့် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့တပ်မတော်ကြိုဆိုထောက်ခံပွဲပြုလုပ်နေစဉ်။

NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ရွံရှာစက်ဆုပ်ကြသည့် ပြည်သူလူထုက အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်သည့် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၌ “ကျော်ဇောလင်း”ရွှေဆိုင်အား အမျိုးသားငါးဦးက သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၌ “ကျော်ဇောလင်း” ရွှေဆိုင်အား အမျိုးသားငါးဦး (စိစစ်ဆဲ)က သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။






ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာ အမှတ်(၄) ရပ်ကွက် မန္တလေး-မူဆယ်ကားလမ်းဘေးရှိ အဆိုပါရပ်ကွက်နေ ဦးကျော်ဇော်လင်း(ခ) ဇော်လင်း ဦး(၄၈နှစ်) (ဘ) ဦးတင်သန်း ပိုင်ဆိုင်သော “ကျော်ဇောလင်း” ရွှေဆိုင်၌ အရောင်းဝန်ထမ်း ဒေါ်စုစု(၄၄နှစ်) (ဘ)ဦးလှထူးနှင့် မခြူးစံ (စိစစ်ဆဲ)တို့သည် ဆိုင်ကောင်တာတွင်ရှိနေပြီး ကျန်ဝန်ထမ်းလေးဦးမှာဆိုင်ရှိ ထမင်းစားခန်းအတွင်း ထမင်းစားလျက်ရှိနေစဉ် ဆိုင်ရှေ့သို့ WISH အမျိုးအစားမော်တော်ယာဉ် တစ်စီးဖြင့် Mask အမည်းရောင်တပ်ဆင်ထားသော အမျိုးသားငါးဦး ရောက်ရှိလာပြီး အမျိုးသားတစ်ဦးမှာ ၎င်းယာဉ်ပေါ်တွင် အသင့်စောင့်နေကြောင်း၊ ကျန်အမျိုးသားလေးဦးတို့မှာ ပစ္စတိုသေနတ်တစ်လက်နှင့် တုတ်/ဓားများ ကိုင်ဆောင်၍ ဆိုင်အတွင်းသို့ ဝင်ရောက်လာပြီး သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ကာ ဆိုင်ကောင်တာတွင်ရှိနေသူ အရောင်းဝန်ထမ်း ဒေါ်စုစုနှင့် မခြူးစံတို့နှစ်ဦးကို ထိုင်ခိုင်းပြီး ရွှေကောင်တာအတွင်းရှိ ရွှေဆွဲကြိုး ၂၂၀ ကုံး၊ အလေးချိန် ၁၅၀ ကျပ်သားလေးပဲ၊ ရွှေလက်ကောက် ၅၉ ကွင်း၊ အလေးချိန် ၂၂ ကျပ်သား ၈ ပဲ၊ ရွှေဆွဲသီး ၁၄၅ ခု၊ အလေးချိန် ၃၁ ကျပ်သား ၈ ပဲ၊ ရွှေဟန်းချိန်း ၁၆ ခု၊ အလေးချိန် ၁၆ ကျပ်သား ၄ ပဲ၊ ရွှေဆံကုပ်တစ်ခု၊ အလေးချိန် ၃ ပဲ၊ စုစုပေါင်း ရွှေထည်ပစ္စည်းမျိုးစုံ (အလေးချိန် နှစ်ပိဿာ ၂၁ ကျပ်သား၊ တန်ဖိုးငွေကျပ် ၃၇၆၀၂၀၀၀၀ ခန့်) ကို ကျောပိုးအိတ်အတွင်းထည့်၍ လုယက်ယူဆောင်ကာ နောင်ချိုမြို့ဘက်သို့ မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေဆိုင်ရှိ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားခဲ့သည့် အမျိုးသားငါးဦးကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်ပိတ်ဆို့စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

*❂ ကျောဖုံးမှ*

ထိုကဲ့သို့ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက် ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ရာတွင် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ပေကုန်းကျေးရွာနေ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးညဏ်ဝင်း (၃၉နှစ်) (ဘ)ဦးမြင့်အောင်သည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူရှိနေစဉ် သေနတ်ကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်သူ အမျိုးသားခြောက်ဦး ရောက်ရှိလာပြီး သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဦးညဏ်ဝင်းတွင် ဦးခေါင်းယာခြမ်း ပွင့်ထွက်ဒဏ်ရာတစ်ချက်၊ ဝဲပေါင်ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ရင်ညွန့် ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်နှင့် နေအိမ်ခြံဝင်းအတွင်း ဆော့ကစားနေသည့် သားဖြစ်သူ မောင်ခန့်ဘုန်းပြည့် ငါးနှစ်တွင် ဝမ်းဗိုက်ပွင့်ထွက်ဒဏ်ရာတစ်ချက်၊ ယာရင်အုံကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်တို့ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြပြီး သားဖြစ်သူ မောင်ညဏ်ဘုန်းပြည့် ရှစ်နှစ်တွင် ယာပေါင်ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်တို့ရရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် အပြစ်မဲ့ကလေးငယ်များအပေါ် ရက်စက်စွာ သတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက် သမားများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*❍ ကျောဖုံးမှ*

အရေးနိမ့်ထားသည့် မြန်မာနှင့် ဗီယက်နမ်ပွဲမှာမူ အနိုင်ရသည့်အသင်းမှာ အုပ်စုတတိယနေရာရယူနိုင်မည်ဖြစ်သည်။ ယခုပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံးနှစ်သင်းမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ဗီယက်နမ်ကိုအနိုင်ရပြီး အုပ်စုတတိယနေရာရပါက ကွာတားဖိုင်နယ် တက်ရောက်ခွင့်မျှော်လင့်နိုင်မည်ဖြစ်ရာ ယခုပွဲမှာ အရေးပါလျက်ရှိသည်။ ကွာတားဖိုင်နယ်ရောက်ရှိသည့် အသင်းအများစုမှာ ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ကွာတားဖိုင်နယ်တက်ရောက်ခွင့်ရပါက ယင်းမျှော်လင့်ချက်အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ဩစတြေးလျနှင့် ထိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(ခ)တွင်မူ ဩစတြေးလျက ခြောက်မှတ်ဖြင့် ကွာတားဖိုင်နယ် တက်ရောက်ထားပြီး ဖိလစ်ပိုင်နှင့် ထိုင်းက သုံးမှတ်စီရထားကာ အင်ဒိုနီးရှားအသင်းမှာမူ အမှတ်မရသေးပေ။ ထိုင်းအသင်းသည် ဩစတြေးလျနှင့် ကစားရမည်ဖြစ်သောကြောင့် ဒုတိယနေရာရယူနိုင်ရန် ခက်ခဲနိုင်ပြီး အင်ဒိုနီးရှားနှင့် ကစားရမည့် ဖိလစ်ပိုင်အသင်းမှာမူ အုပ်စုဒုတိယနေရာရယူနိုင်ရန် သေချာသလောက်ရှိနေသည်။

**ရဲရင့်လွင်**

# ပေါင်းစု စွမ်းအား မြန်ပြည်တစ်လွှား အစဉ်ရေးရှု ပြည်ထောင်စု။

# ယူကရိန်းကို ရုရှားကျူးကျော်ဝင်ရောက်ခဲ့မည်ဆိုပါက ရုရှားသမ္မတကို ပိတ်ဆို့အရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတပြော

ဝါရှင်တန် ဇန်နဝါရီ ၂၆

**ရုရှားသည် ယူကရိန်းကို ကျူးကျော်ဝင်ရောက်ခဲ့မည်ဆိုပါက ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ပုဂ္ဂိုလ်ရေးဆိုင်ရာ အရေးယူမှုများ လုပ်ဆောင်သွားရန် စဉ်းစားထားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်က ပြောကြားလိုက်သည်။**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန် သတင်းထောက်များ၏ မေးမြန်းချက်ကို ဖြေကြားစဉ်။

ရုရှားသည် ယူကရိန်းနှင့်ထိစပ်နေသော ၎င်းနယ်စပ်အနီးတွင် တပ်ဖွဲ့ဝင် ၁၀၀၀၀၀ ခန့် စုဆောင်းထားရှိသည်။ အကယ်၍ပူတင်က အဆိုပါတပ်ဖွဲ့ဝင် အကုန်လုံးကို လှုပ်ရှားစေမည်ဆိုပါက ဒုတိယကမ္ဘာစစ်နောက်ပိုင်း ကာလတွင် အကြီးဆုံးကျူးကျော်မှုကြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း ဘိုင်ဒန်က ပြောကြားလိုက်သည်။

အကယ်၍ ရုတ်တရက် ကျူးကျော်ဝင်ရောက် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့မည်ဆိုလျှင် ရုရှားကို ကြီးမားသည့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ လုပ်သွားမည်ဖြစ်ကြောင်း ဘိုင်ဒန်အစိုးရက သတိပေးခဲ့သည်။ ထိုသို့စီးပွားရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများအပြင် အဆင့်မြင့်နည်းပညာသုံး အမေရိကန်ပစ္စည်းများအပေါ် ပို့ကုန်ထိန်းချုပ်မှုများလည်း ပါဝင်လာမည်ဖြစ်ကြောင်း အမေရိကန် အဆင့်မြင့် အုပ်ချုပ်ရေးအရာရှိများက ပြောသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေလက်ဗ်ရော့ဗ်တို့သည် ယူကရိန်းအရေး ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေသည့် အခြေအနေကို ဖောက်ထွက်နည်းလမ်းရှာရန် သောကြာနေ့က တွေ့ဆုံခဲ့သည်။ ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်ရန် ထိပ်တန်းသံတမန်များက သဘောတူခဲ့သည်။ သို့သော်လည်း ၎င်းတို့၏အခြေအနေများမှာ ဆက်လက်ဝေးကွာနေဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနှင့်ဆော်ဒီတို့ နှစ်နိုင်ငံဆက်ဆံရေး ပြန်ပေါင်းစည်းရန် သဘောတူ

**ဗန်ကောက် ဇန်နဝါရီ ၂၆**

ထိုင်းဝန်ကြီးချုပ်၏ ရီယာ့ဒ်သို့ ဇန်နဝါရီ ၂၅ ရက် နိုင်ငံတော် ခရီးစဉ်အတွင်း ထိုင်းနှင့် ဆော်ဒီအာရေဗျတို့ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကို ပြန်ပေါင်းစည်းရန် သဘောတူခဲ့သည်။



ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် ဆော်ဒီတော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မင်န်တို့ တွေ့ဆုံစဉ်။

ဆော်ဒီနန်းတော်မှ ထိုင်း အလုပ်သမားတစ်ဦးက ကျောက်မျက်ရတနာများ ခိုးယူမှုဖြစ်ပွားခဲ့ချိန် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်အချိန်ကတည်းက နှစ်နိုင်ငံဆက်ဆံရေးသည် မပြေလည်မှုများ ရှိခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များကြား ဆယ်စုနှစ်များအတွင်း ယခုလိုအဆင့်မြင့်အစည်းအဝေး ကျင်းပခဲ့ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် တော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မင်န်နှင့် တွေ့ဆုံခဲ့ကြပြီး နှစ်ဖက်အဖွဲ့များသည် ၎င်းတို့၏ အမြင်မတူကွဲပြားမှုများကို ဖြေရှင်းရန် သဘောတူခဲ့သည်။ သံအမတ်ကြီးများ စေလွှတ်ထားရှိပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ပြန်လည်ထိန်းသိမ်းရန်လည်း သဘောတူခဲ့ကြသည်။

ဆော်ဒီ ထုတ်ပြန်ချက်တွင် ၎င်းတို့သည် စွမ်းအင်အရင်းအမြစ်များအပါအဝင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဆော်ဒီအာရေဗျအမျိုးသား လေကြောင်းလိုင်းသည် နှစ်နိုင်ငံကြား တိုက်ရိုက်ခရီးစဉ် ပျံသန်းပြေးဆွဲမှုကို မေလတွင် စတင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ခရီးသွားကဏ္ဍ အကျိုးအမြတ်ရရှိတော့မည် ဖြစ်ကြောင်းနှင့် ထိုင်းလူမျိုးများ ဆော်ဒီတွင် နောက်တစ်ကြိမ် အလုပ်သွားလုပ်နိုင်တော့မည် ဖြစ်သည်။ ၁၉၈၉ ခုနှစ်က ကျောက်မျက်ရတနာများ ခိုးယူခံရပြီးနောက် ဆော်ဒီအာရေဗျသည် နှစ်နိုင်ငံဆက်ဆံရေးအပေါ် အထင်အမြင်သေးခဲ့သည်။ ထိုင်းမီဒီယာက အချို့ကို မူလနိုင်ငံသို့ ပြန်လည်ပေးပို့ပြီးဖြစ်ကြောင်း ဖော်ပြခဲ့သည်။

သို့သော်လည်း ရီယာ့ဒ်က အများစုမှာ အတုများဖြစ်ပြီး ရှားပါးလှသည့် ၅၀ ကရက်ရှိ စိန်တစ်လုံးမှာ ယခုအချိန်အထိ ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ထိုင်းနိုင်ငံ၏ အဆိုပါအရေးဖြေရှင်းမှုများကို ဆော်ဒီအနေဖြင့် အားရကျေနပ်ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ၌ တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်

**ဂျကာတာ ဇန်နဝါရီ ၂၆**

ကျွန်းနိုင်ငံတစ်ခုဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် အိုမီခရွန်မျိုးကွဲရပ်စ်သစ်ကူးစက်ဖြစ်ပွားမှု မြင့်တက်နေသည့် အချိန်တွင် ဇန်နဝါရီ ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၀၁၀ ရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၈ ရက်မှစကာ တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံး နေ့တစ်နေ့ဖြစ်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာလည်း ၄၃၀၁၁၉၃ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ခုနစ်ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၄၂၅၄ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၂၅၈၂ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၁၂၇၆၆၂ ဦးအထိ ရောက်ရှိလာသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အစိုးရသည် အမျိုးသားကာကွယ်ဆေးထိုး အစီအစဉ်ကို အရှိန်မြှင့်တင်ခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၁၈၂ ဒသမ ၅ သန်း ကိုဗစ်-၁၉ ပထမအကြိမ်ထိုးနှံမှု ခံယူပြီးပြီဖြစ်ကာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူပေါင်းမှာလည်း ၁၂၅ ဒသမ ၆၇ သန်းကျော် ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် မှတ်တမ်းတင်ရလောက်သည်အထိ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု နှစ်ရက်ဆက်တိုက် များပြားလာ

**တိုကျို ဇန်နဝါရီ ၂၆**

ဂျပန်နိုင်ငံတွင် မှတ်တမ်းတင်ရလောက်သည်အထိ နေ့စဉ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများ နှစ်ရက်ဆက်တိုက် များပြားလာကြောင်း ဂျပန်ကျန်းမာရေးအရာရှိများက ပြောကြားလိုက်သည်။

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုသည် ပထမဆုံး ၇၀၀၀၀ ကျော်ခဲ့သည်။ ၄၇၀ ဦးမှာ ပြင်းထန်သော အခြေအနေရှိပြီး ဇန်နဝါရီ ၂၅ ရက်ထက် ၂၆ ဦး တိုးလာခဲ့သည်။ တိုကျိုအပါအဝင် ဂျပန်နိုင်ငံ၏ ခရိုင် ၄၇ ခု၏ သုံးပုံပုံ နှစ်ပုံခန့်သည် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မှတ်တမ်းတင်ရလောက်သည်အထိ များပြားလာခဲ့သည်။



ဂျပန်နိုင်ငံ တိုကျိုရှိ ဂင်ဇာစီးပွားရေးရုံးအစု အဆောက်အအုံ ရှေ့တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသူများကို တွေ့ရစဉ်။

မြို့တော်ရှိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် လွန်ခဲ့သောသီတင်းပတ်အလားတူရက်ထက် နှစ်ဆနီးပါးမြင့်တက်လာခဲ့သည်။ အစိုးရသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကိုလျှော့ချရန် ၎င်း၏တစ်စိတ်တစ်ပိုင်း အရေးပေါ်ကန့်သတ်ချက်ကာလကို ထပ်မံတိုးလိုက်ချိန်တွင် ယခုလိုကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်သည့် အခြေအနေနှင့် ကြုံတွေ့နေရခြင်း ဖြစ်သည်။ ကန့်သတ်ချက်သည် ၁၈ ခရိုင်ကို ဖေဖော်ဝါရီ ၂၀ ရက်အထိ လွှမ်းခြုံ ဖြန့်ကြက်သွားမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# တရားမဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် သစ်မျိုးစုံ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သော တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ခရီးသည်တင် မှန်လုံယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံခရိုင် ပေါင်မြို့နယ် နတ်မော်ကျေးရွာအနီး၊ သံလွင်မြစ်အတွင်း ပိုင်ရှင်မဲ့လှေ သုံးစင်းပေါ်မှ တရားမဝင် ပိတောက်သစ်ခွဲသား (၇၇ ဒသမ ၂၈၆) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၁၈၅၈၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး**(အောက်ပုံ)** သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့နယ် အကောက်ခွန်မှူး ဦးစီးသည့် အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် ရှောင်တခင် လှည့်လည်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် Toyota Hiace ယာဉ်ပေါ်မှ စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၀၀၀၀)နှင့် အဆိုပါ ကုန်ပစ္စည်းများ သယ်ဆောင်လာသည့် (Toyota Hiace) ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၄၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းအနီးရှိ ရေပူရွာမရောက်မီ ရှောင်ကွင်း လမ်းများကို အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ဝင်များက စစ်ဆေးစဉ် လမ်းဘေးတစ်နေရာရှိ တဲဟောင်းတွင် စုပုံထားသော တရုတ်နိုင်ငံထုတ် ချောကလက် ကိတ် ဖာ ၂၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဦးဆောင်၍ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်၌ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ (၃၃၃ ဒသမ ၅၁) ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက ဦးဆောင်၍ ရွှေလှလွင် တိုးဂိတ်အနီး သတင်းအရ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၉၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ဇန်နဝါရီ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက် စစ်ဆေးခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ (၉ ဒသမ ၅၉၆၄)တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၅၃၁၉၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၃၃၈၉၉၂)နှင့် ကျောက်စိမ်း အရိုင်းတုံးများ (၃၃၃ ဒသမ ၅၁) ကီလိုဂရမ်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**





# တောင်တွင်းကြီးမြို့နယ်၌ စိုက်ပျိုးမြေဧက ၂၅၀ ကျော် အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လက်ပံရှည်ကျေးရွာ၌ စိုက်ပျိုးမြေဧက ၂၅၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာနှစ် ခြောက်လတာကာလ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၄၃၃ သန်းဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဖောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ် ခြောက်လတာတွင် မြို့နယ်အတွင်းရှိ လက်ပံရှည်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေနီကျောက်စရစ် ကိုးလက်မထုခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၃၂ ဒသမ ၄၃၃ သန်းဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းဖောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်လျှန်းက ပြောသည်။

အဆိုပါ လက်ပံရှည်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက လက်ပံရှည်ကျေးရွာနှင့် ရှမ်းကိုင်းကျေးရွာတို့ရှိ တောင်သူများ၏ စိုက်ပျိုးမြေဧက ၂၅၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါလယ်ယာများမှ ထွက်ရှိသော လယ်ယာထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ဇန်နဝါရီ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၀ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၂၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၉၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၀) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၇) ရာခိုင်နှုန်း ရှိ**ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၀၄,၅၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၄,၅၀၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၁၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၂,၅၈၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ**သဖြင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုမရှိသည်မှာ (၃) ရက် ဆက်တိုက်ရှိပြီဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅-၁-၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၁,၉၁၁,၉၁၁) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၈,၅၂၅,၂၁၅) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၃၈၆,၆၉၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၅-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၀,၄၃၇,၁၂၆) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၃၃) ခု | (၂၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀၂) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၄) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၆) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၅၈) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၃၉) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၆၂၉) ခု | (၈၃) ဦး |
| စုစုပေါင်း | (၁၀,၂၉၁) ခု | (၁၂၀) ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၅-၁-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၃၈၆,၆၉၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၈,၅၂၅,၂၁၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၁,၉၁၁,၉၁၁) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၀,၄၃၇,၁၂၆) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# "စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား" လူရွှင်တော်ပြိုင်ပွဲ ပွဲစဉ်(၄) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြန်မာနိုင်ငံ လူရွှင်တော်အသင်း (ဗဟို) တို့ ပူးပေါင်းပြီး "စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား" လူရွှင်တော်ပြိုင်ပွဲ ပွဲစဉ် (၄) ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD Channel




မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဟာသမင်္ဂလာရွှေဆိုင်းတော် အဖွဲ့ တီးခတ်မှုနှင့်အတူ လူရွှင်တော်များဖြစ်ကြသည့် သော်တာ၊ ဇီးကွက်၊ ဝါဂွမ်းနှင့် ချစ်သူတို့က ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ပြီး ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ခြင်းကို ဖေဖော်ဝါရီ ၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း ၁ နာရီခွဲ National News အင်္ဂလိပ်ဘာသာသတင်း အစီအစဉ်အပြီးတွင် ပြသမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ပွဲစဉ် ၅ ပွဲကို အပတ်စဉ် စနေနေ့ညတိုင်းနှင့် ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက် ညတို့အပြင် ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) ညပိုင်းတွင် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းရယ်မြို့၌ ဈေးဆိုင်ခန်းများ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ဆက်လက်ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

**မိုင်းရယ် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မိုင်းရယ်မြို့မဈေးကြီးနှင့် ရပ်ကွက် သုံးခုရှိ ဆိုင်ခန်းများ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ဆက်လက်ရောင်းချခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် မြို့မဈေးကြီးအတွင်းရောင်းချလျက်ရှိသည့် ဈေးသူ၊ ဈေးသားများ နှာခေါင်းစည်းများတပ်ဆင်၍ ရောင်းဝယ်နေမှုအခြေအနေများ၊ တည်းခိုခန်း၊ ဓာတ်ဆီဆိုင်များ၊ စားသောက်ဆိုင် စသည့်ဆိုင်များတွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးများ ထားရှိခြင်း ရှိ/မရှိ တို့ကို စစ်ဆေးသည်။

ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ဖွင့်လှစ်ရောင်းချခြင်းမရှိသည့် ဆိုင်ခန်းများကို တစ်လ (သို့) နှစ်လအထိ ဆိုင်ခန်းများ ယာယီပိတ်သည်အထိ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ကျော်ဇင်ထိုက်

# မြန်မာနိုင်ငံတွင် လွှတ်တော် သုံးရပ်လုံးအတွက် ပြောင်းလဲဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ်

ကိုရွှေဦး

**ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများတွင် ရွေးကောက်ပွဲတစ်ခု ကျင်းပရာ၌ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်ရန် သာတူညီမျှ ယှဉ်ပြိုင်နိုင်သော ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးပေးရန်လိုသည်။ ထိုအခါ ရွေးကောက်ပွဲကိုမည်သည့်စနစ်ဖြင့် ကျင်းပမည်ဆိုသည်က အရေးပါသော ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။**

**❍ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရလည်းဖြစ်ပါသည်။ ပါတီစုံ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုပါတီများ ယင်းတို့ကို ထောက်ခံသောဆန္ဒမဲများအရ အချိုးကျပါဝင်ခွင့်ရရှိနိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PRs)ကို လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြောင်းလဲဆောင်ရွက်သင့်ပြီ**

ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၏ ယုံကြည်စိတ်ချရခြင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းတို့သည် ရွေးကောက်ပွဲတစ်ခု၏ ဂုဏ်သိက္ခာပင် ဖြစ်သည်။ ဂုဏ်သိက္ခာရှိ၍ အများယုံကြည်အားထားရသည့် အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြရသည်။ လွှတ်တော်ရွေးကောက်ပွဲများသည် နိုင်ငံတစ်ခုအတွက် အရေးအကြီးဆုံးဖြစ်သည့် အားလျော်စွာ နိုင်ငံတော်၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ဆောင်ထင်ဟပ်လျက် ရှိပါသည်။ သို့ဖြစ်၍ နိုင်ငံများသည် ပိုမိုကောင်းမွန်ပြည့်စုံသည့် ရွေးကောက်ပွဲစနစ်များကို ပြုပြင်ပြောင်းလဲကျင့်သုံး လာကြသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံ ၁၉၃ နိုင်ငံတွင်အချိုးကျကိုယ်စားပြုစနစ် (PRs) ကို ၁၁၁ နိုင်ငံက ကျင့်သုံးပြီး ဗဟုစနစ်ကျင့်သုံးသည့် နိုင်ငံ ၇၄ နိုင်ငံနှင့် အခြားရွေးကောက်ပွဲစနစ် ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်တော်များများတွင် မဲများသူအနိုင်ရသည့် ရွေးကောက်ပွဲစနစ် Majority Vote တွင် အားနည်းချက်များ လေ့လာတွေ့ရှိရသည့်အတွက် အချိုးကျကိုယ်စားပြုစနစ် (PRs) သို့ ပြောင်းလဲ ကျင့်သုံးလာခဲ့ကြသည်။

**အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System)**

အချိုးကျ ကိုယ်စားပြုစနစ်သည် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့ အစည်းအလိုက် ယှဉ်ပြိုင်စေခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက်ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့်စနစ် ဖြစ်ပါသည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်တင်မြှောက်ခံနိုင်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ဆန္ဒပြုထားသောမဲသည် ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲစေနိုင်ကြောင်း ယုံကြည်ပြီး စိတ်အားထက်သန်စွာ မဲပေးခြင်းကြောင့် အလဟဿဖြစ်သော မဲအရေအတွက် နည်းပါးသွားမည် ဖြစ်ပါသည်။ မဲအလေအလွင့်ဖြစ်မှုလည်း ပိုမိုနည်းပါးလာမည် ဖြစ်ပါသည်။ ထိုစနစ်ကြောင့် ပါတီများကို ပိုမိုတိကျစွာ ကိုယ်စားပြုနိုင်ခြင်း၊ ပါတီငယ်များနှင့် လူနည်းစုများကိုလည်း ကိုယ်စားပြုနိုင်ခြင်းနှင့် အများစုပါဝင်သည့် အုပ်ချုပ်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဥပဒေပြုအဖွဲ့များတွင်လည်း ပါတီများမှ ကိုယ်စားပြုမှုများ ပါဝင်လာမည်ဖြစ်သည်။

အချိုးကျကိုယ်စားပြုစနစ် များစွာရှိသည့်အနက် ထိုစနစ်ကိုကျင့်သုံးသော နိုင်ငံများတွင် ကျင့်သုံးသည့် ပုံစံကို ခွဲခြားကြည့်ပါလျှင် အဓိကပုံစံ သုံးမျိုး ခွဲခြားနိုင်ပါသည်။ ပါတီအမည်ကို မူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် (Party List PR System–LPR) ပါတီ၊ အမတ်လောင်း တစ်ပါတည်းရွေးချယ်သည့် ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ် (Mixed– Member Proportional System–MMP)နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote–STV)တို့ ဖြစ်ပါသည်။ အချိုးကျကိုယ်စားပြုစနစ်တွင် အဓိကအသုံးပြုပုံစံ သုံးမျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–




အချိုးကျကိုယ်စားပြုစနစ် (Proportional Representation) အများအပြားရှိသည့်အနက် ပါတီအမည်ကိုမူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List PR) စနစ်တွင် စာရင်းပိတ် (Closed List) စာရင်းဖွင့် (Open List ) နှင့် စာရင်းလွတ် (Free List) ဟူ၍ ပုံစံ သုံးမျိုးရှိပါသည်။ စာရင်းပိတ် (Closed List) သည် ပါတီကို ဆန္ဒပြုရမည့်ပုံစံဖြစ်ပြီး ပါတီက ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အလိုက် ပြုစုပေးရပါသည်။ မဲဆန္ဒရှင်အနေဖြင့် ကိုယ်စားလှယ်ကို ရွေးချယ်ခွင့်မရှိဘဲ ပါတီကပြုစုသော ကိုယ်စားလှယ်အစီအစဉ်ကို လက်ခံရမည်ဖြစ်သည်။ စာရင်းဖွင့် (Open List) သည် ပါတီတစ်ခုတည်းကိုသာ ရွေးချယ်ခြင်းမဟုတ်ဘဲ ကိုယ်စားလှယ်လောင်းကိုပါ ရွေးချယ်နိုင်ခွင့်ရှိပါသည်။ ပါတီမှ ရွေးချယ်ပေးထားသော ကိုယ်စားလှယ်လောင်းများကို ဦးစားပေးအစီအစဉ် တပ်ထားခြင်းမပြုဘဲ မဲဆန္ဒရှင်များက ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်ကို မဲပေးရွေးချယ်ရခြင်းဖြစ်သည်။ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန်အတွက် လွယ်ကူရှင်းလင်းမှုအရ စာရင်းပိတ် (Closed List) နှင့် စာရင်းဖွင့် (Open List) စနစ် နှစ်မျိုးအနက်မှ ရွေးချယ်စဉ်းစား ဆောင်ရွက်သင့်ပါသည်။

**ပါတီအမည်ကိုမူတည်သည့် အချိုးကျကိုယ်စားပြုစနစ် (Party List PRs)**

ပါတီအမည်ကို မူတည်ပြီး ရွေးချယ်သည့် အချိုးကျကိုယ်စားပြုစနစ်တွင် အဓိကအသုံးပြုလျက်ရှိသည့် စနစ်သုံးမျိုးမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–




ယင်းအပြင် ပါတီနှင့်အမတ်လောင်း တစ်ပါတည်းရွေးချယ်သည့် ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ်ပုံစံ (Mixed – Member Proportional System–MMP) အသုံးပြုသော နိုင်ငံများရှိသည်။ အဆိုပါပုံစံတွင် မဲဆန္ဒရှင်များသည် ပါတီအမည်ကို တစ်ကြိမ်နှင့် နှစ်သက်ရာ ကိုယ်စားလှယ်ကိုတစ်ကြိမ် ဆန္ဒမဲပေးသည့်ပုံစံ သို့တည်းမဟုတ် နိုင်သူအကုန်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်ပုံစံ တစ်မျိုးမျိုးကို အသုံးပြု၍သတ်မှတ်အချိုးအစားအတိုင်း ကိုယ်စားလှယ်ရွေးချယ်သည့် စနစ်ပုံစံဖြစ်ပါသည်။ ယင်းအပြင် လွှဲပြောင်း၍ရသော တစ်မဲတည်းပေး စနစ်ပုံစံ(Single Transferable Vote–STV)ကို အသုံးပြုသော နိုင်ငံများလည်းရှိသည်။ အဆိုပါပုံစံတွင် မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်၏အဆင့်ကို သတ်မှတ်ပေးပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ဦးစားပေး၍ ဆန္ဒမဲပေးရခြင်းဖြစ်ပါသည်။ ပထမဦးစားပေး မဲဝေစု ရရှိသည့် ကိုယ်စားလှယ်လောင်းသည် သတ်မှတ်မဲအရေအတွက် Threshold ထက်ပိုနေပါက ရွေးချယ်ခံရပြီး အဆိုပါ Threshold ထက်ပိုသောမဲများကို မိမိနှစ်သက်သည့် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးနိုင်သော စနစ်ပုံစံဖြစ်ပါသည်။ အဆိုပါ MMP နှင့် STV ပုံစံနှစ်မျိုးသည် မဲဆန္ဒရှင်များ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပြည့်ဝမှုရှိမှသာ အသုံးပြုရန် သင့်လျော်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားများ၏ စာတတ်မြောက်မှုအခြေအနေအရ ရှင်းလင်းလွယ်ကူသည့် ပါတီကိုသာ ရွေးချယ်ရသည့် စာရင်းပိတ် (Closed List) စနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ရေး စဉ်းစားဆောင်ရွက်သင့်ပါသည်။

**မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးသင့်သည့် အချိုးကျကိုယ်စားပြုစနစ်(PRs)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးပါတီများနှင့် လေးကြိမ်တွေ့ဆုံ၍ ရွေးကောက်ပွဲစနစ်များကို ပြန်လည်လေ့လာသုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲတွင် ကျင့်သုံးဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲစနစ်များကို ဆွေးနွေးခဲ့ကြပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် အချိုးကျကိုယ်စားပြုစနစ် (PRs) သို့ ပြောင်းလဲကျင့်သုံးသင့်ကြောင်း သဘောတူတင်ပြခဲ့ကြပြီးနောက် ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့အလိုက် အသေးစိတ်ထပ်မံဆွေးနွေးခဲ့ကြပြီး မဲအများဆုံးရသူအနိုင်ရသည့် (FPTP) စနစ်မှ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်(PRs)သို့ ပြောင်းလဲကျင့်သုံးရာတွင် Closed List PR ကို ကျင့်သုံးသင့်ကြောင်း နိုင်ငံရေးပါတီများက ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ မိမိတို့နိုင်ငံနှင့် သင့်လျော်ကိုက်ညီသော Closed List စနစ်ကို ကျင့်သုံးမည်ဆိုပါလျှင် (၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပါတီများ) မဲလက်မှတ် နမူနာပုံစံ(၁)အတိုင်းဖြစ်၍ မဲပေးရာတွင် ရှင်းလင်းလွယ်ကူပါမည်–

Closed list System ကို ကျင့်သုံးမည်ဆိုပါက ပါတီအလိုက် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အလိုက် ကော်မရှင်သို့ တင်ပြထားရမည်။ ပါတီများမှ ကိုယ်စားလှယ်လောင်းများ၏ ရုပ်ပုံများကို ဗီနိုင်းပိုစတာများဖြင့် မဲဆန္ဒနယ်မြေအတွင်း ဥပဒေများနှင့်အညီ ကပ်ထားနိုင်သည်။

**Party List PR (Closed List) အရ ပါတီများမှ ကြိုတင်တင်ပြထားသည့် ကိုယ်စားလှယ် ဦးစားပေးအစီအစဉ်အတိုင်း Thershold အရ ရရှိမည့် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ခြင်း အကြံပြုချက်နမူနာ (ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုနယ်မြေ)**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*



အချိုးကျ ကိုယ်စားပြု (Closed List) စနစ်အတွက် မဲလက်မှတ် နမူနာပုံစံ(၁)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ပြည်ထောင်စုနယ်မြေ ပါတီများအလိုက် ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ်(နမူနာပုံစံ)**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလှ | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

**ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်အနည်းဆုံးရရှိရမည့် ခိုင်လုံမဲတွက်ခြင်း ( Threshold )**

$$\text{ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်မဲ} = \frac{\text{ခိုင်လုံမဲစုစုပေါင်း}}{\text{ကိုယ်စားလှယ်အရေအတွက် + ၁}} + ၁$$

**တွက်ချက်မှုဇယား**

**List PR ( Closed List )**

$$\text{ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်မဲ} = \frac{၉၀၀,၀၀၀}{၈ + ၁} + ၁ = ၁၀၀,၀၀၁$$

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | ပထမ ရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကြွင်းကျန် မဲပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| (A) ပါတီ | ၃၃၀,၀၀၀ | ၃ | ၂၉,၉၉၇ | - | ၃ |
| (B) ပါတီ | ၁၉၀,၀၀၀ | ၁ | ၈၉,၉၉၉ | ၁ | ၂ |
| (C) ပါတီ | ၆၀,၀၀၀ | - | ၆၀,၀၀၀ | - | - |
| (D) ပါတီ | ၂၂၀,၀၀၀ | ၂ | ၁၉,၉၉၈ | - | ၂ |
| တစ်သီးပုဂ္ဂလ | ၁၀၀,၀၀၀ | - | ၁၀၀,၀၀၀ | ၁ | ၁ |
| စုစုပေါင်း | ၉၀၀,၀၀၀ | ၆ | | ၂ | ၈ |

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ပြည်ထောင်စုနယ်မြေ ပါတီများအလိုက် ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ်(နမူနာပုံစံ)**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလှ | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

ပါတီအလိုက် အောက်ပါကိုယ်စားလှယ်များ ရွေးကောက်ခံရပါသည်-

(A) ပါတီလွှတ်တော်ကိုယ်စားလှယ်
(၃) ဦး- ဦးအေး၊ ဦးအောင်၊ ဦးမောင်
(B)ပါတီ လွှတ်တော်ကိုယ်စားလှယ်
(၂) ဦး- ဦးတင်၊ ဦးမှန်
(D)ပါတီ လွှတ်တော်ကိုယ်စားလှယ်
(၂) ဦး- ဦးမျိုး၊ ဦးတိုး
တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်
(၁)ဦး- ဦးဘ

PR စနစ်ကို ပြောင်းလဲကျင့်သုံးပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိရန် လိုအပ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များကို ပြဋ္ဌာန်းထားရာ ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ကြီးကြပ်ခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခြင်းတို့သည် ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ရမည့် တာဝန်များပင်ဖြစ်သည်။ ထို့ပြင် ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ တွင် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲစနစ်များ ရွေးချယ်သတ်မှတ်ခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်အရ ရွေးကောက်ပွဲကော်မရှင်ကို အာဏာအပ်နှင်းထားပြီးဖြစ်ရာ အချိုးကျကိုယ်စားပြုစနစ် (PRs) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းကို ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ ဆောင်ရွက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အချိုးကျကိုယ်စားပြုစနစ် (PRs) ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၂၁၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၅၂၊ ပုဒ်မ ၁၅၃၊ ပုဒ်မ ၁၆၉၊ ပုဒ်မ ၁၇၀ စသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများ ပြောင်းလဲမှုမရှိဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က)အရ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ ပုဒ်မ ၃၆၉ (က) အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ အောက်ဖော်ပြပါ အရည်အချင်း တစ်ရပ်ရပ်နှင့် ပြည်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသားများ ဖြစ်ကြသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုသည့် နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေပြဋ္ဌာန်းချက်ပါ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းနှင့် ညီညွတ်မှုမရှိသူများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် မဟုတ်ပါ။ အချိုးကျကိုယ်စားပြု (Closed List) စနစ်ကြောင့် တိုင်းရင်းသားလူမျိုးစုပါတီများ ယင်းတို့ကို ထောက်ခံသည့် ဆန္ဒမဲများအရ အချိုးအစားအလိုက်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရနိုင်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လာနိုင်မည့် အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို မဲအများဆုံးရသူ အနိုင်ရသည့် FPTP စနစ်ဖြင့် ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စုစုပေါင်း၏ထောက်ခံမဲ ၅၆ ဒသမ ၇ ရာခိုင်နှုန်းရရှိသော ပါတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၈ ဒသမ ၅၈ ရာခိုင်နှုန်းရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စုစုပေါင်း၏ထောက်ခံမဲ ၅၇ ဒသမ ၂ ရာခိုင်နှုန်းရရှိသော ပါတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၉ ရာခိုင်နှုန်းရရှိခဲ့သည်။ သို့ဖြစ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီပေါင်း ၉၀ ကျော်အနက် ၂၃ ပါတီသာ လွှတ်တော်တွင် နေရာရရှိခဲ့ပြီး လွှတ်တော်အတွင်း တစ်ပါတီကြီးစိုးမှုများ ဖြစ်ခဲ့ရသည်။ ထိုအခါ လုပ်သင့်လုပ်ထိုက်သော ဥပဒေပြုခြင်း၊ ဥပဒေများပြင်ဆင်ခြင်းနှင့် နိုင်ငံ့အကျိုးရှေးရှုသော အဆိုများတင်သွင်းခြင်းတို့တွင် မိမိတို့ပါတီ အသာစီးရလိုမှုများကြောင့် လွှတ်တော်များအတွင်း ပွတ်တိုက်မှုများစွာ ဖြစ်ပွားခဲ့ပြီး တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများ နစ်နာခဲ့ရသည်မှာ ငြင်းဆိုမရသည့် အကြောင်းတရားများဖြစ်ရာ သင်ခန်းစာယူရမည် ဖြစ်ပါသည်။

မည်သည့် ရွေးကောက်ပွဲစနစ်မျိုးတွင်မဆို ကျင့်သုံးဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များရှိကြစမြဲပင်ဖြစ်ပါသည်။ ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါပင်ဖြစ်ပါသည်။ တစ်မဲသာအနိုင်ရသည့် ရွေးကောက်ပွဲစနစ် (FPTP)ကြောင့် တစ်ပါတီအာဏာကြီးစိုးသည့် လွှတ်တော်ကိုယ်စားလှယ်အများစုဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ အုပ်ချုပ်မှုနှင့် ဥပဒေပြုရေးကဏ္ဍများတွင် တစ်ပါတီ အာဏာရှင်ကဲ့သို့ ဖြစ်ပေါ်ခဲ့ရခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများ မဟုတ်ခဲ့ပေ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေးပင်ဖြစ်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဆောင်ရွက်နိုင်ရေးသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများပင် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွှတ်တော်သုံးရပ်လုံးတွင် ရွေးကောက်ပွဲစနစ်များကို ပြောင်းလဲဆောင်ရွက်သင့်ကြောင်း တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ဖြစ်ပြီး ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရလည်း ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုပါတီများ ယင်းတို့ကို ထောက်ခံသောဆန္ဒမဲများအရ အချိုးကျပါဝင်ခွင့်ရရှိနိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PRs) ကို လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြောင်းလဲဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ လှည်းဘီး ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ ကျိုက်ထိုဇောတိကာရုံ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း **(အပေါ်ဝဲပုံ)**၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မြတ်ရတနာကျောင်းတိုက်သို့လည်းကောင်း **(အပေါ်ယာပုံ)**၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သစ္စာမဏ္ဍိုင်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းကြီးကျောင်းများ၊ Church ကျောင်းများနှင့် ကိုဗစ်-၁၉ စင်တာများသို့ ထောက်ပံ့လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၆

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။**



ထိုသို့ လှူဒါန်းလျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်တွင် မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်ဇော်၊ မြိတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာမင်း၊ မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးစံနှင့် ဝန်ထမ်းများက မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်ထားရှိသည့် Covid Center သို့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ အင်အားဖြည့်အစားအစာများနှင့် ရေသန့်များ ထောက်ပံ့လှူဒါန်းရာ အဆိုပါ ပြည်သူ့ဆေးရုံကြီးမှ ဒုဆေးရုံအုပ် ဒေါက်တာတင်အောင်ဝင်းနှင့် သူနာပြုဆရာမကြီး ဒေါ်ခင်ငွေးတို့က လက်ခံရယူသည်။ **(ယာပုံ)**

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ Church ကျောင်းများနှင့် ကိုဗစ်-၁၉ ကုသရေးစင်တာများသို့ လှူဒါန်းမှုများကို ဆက်လက်ထောက်ပံ့ လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# “တူယှဉ် နွှဲပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ အုပ်စု(င) ဒုတိယပွဲစဉ် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွှဲပျော် ဂီတပွဲတော်” သီချင်းဆို ပြိုင်ပွဲ အုပ်စု(င) ဒုတိယပွဲစဉ်ကို ဇန်နဝါရီ ၂၈ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များဖြစ်ကြသည့် မွန်ပြည်နယ်မှ အေးသက်ထားဇော်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဇင်သူသူထွန်း၊ မကွေးတိုင်းဒေသကြီးမှ ရန်လေး၊ နေပြည်တော်မှ ကျော်မျိုးထက်၊ ရခိုင်ပြည်နယ်မှ သန်းသန်းဆင့်၊ တနင်္သာရီတိုင်းဒေသကြီးမှ ရာဇာ၊ ရှမ်းပြည်နယ်မှ ဇင်နွယ်၊ ပဲခူးတိုင်းဒေသကြီးမှ ချစ်နုနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ စုလတ်ဖြူတို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့မှ တီးခတ်ပေးမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်သည်။

“တူယှဉ်နွှဲပျော် ဂီတပွဲတော်”သီချင်းဆိုပြိုင်ပွဲတွင် နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမသုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့က အဖွဲ့ ငါးဖွဲ့ခွဲ၍ အုပ်စုပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နောက်ဆုံးပွဲစဉ် သုံးပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင်လည်းကောင်း နိုဝင်ဘာ ၂၆ ရက်မှစပြီး အပတ်စဉ်သောကြာနေ့ညများတွင် တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) ညအပါအဝင် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ညတိုင်း သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာနိုင်ငံလူ့ရှင်တော်အသင်းမှ လူ့ရှင်တော်မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ် (၅၁) ကို ဇန်နဝါရီ ၂၈ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်အမှတ်(၅၁)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် စိုးသီဟနှင့် ဂျေနောတို့က တင်ဆက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ လူ့ရှင်တော်အသင်းမှ လူ့ရှင်တော်မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** NRC အစီအစဉ်(တနင်္သာရီ) 'ပင်လယ်ပျော်တို့နားခိုရာ'
**၀၉:၃၅** စစ်ကိုင်းမြို့ဂုဏ်ဆောင်ကြိမ်လက်မှုပညာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ကလိုင်းရွာမှ ချစ်စရာ့ပလိုင်း
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
**၁၅:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း 'တစ်ခုခုဖြစ်သွားခြင်းအကြောင်း'
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၅** Soccer View
**၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၃၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၂၇)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'မြားထိသွားသောမုဆိုး'

သောကြာနေ့ ညပိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Union Day Song
**07:07** ASEAN Political-Security Community #1: Building a Region of Peace and Stability
**07:16** Capable Though Disabled
**07:27** A Day In Bagan
**07:46** Aesthetic Painting on Pathein Umbrella
**08:01** Mon Traditional Dishes
**08:10** Yoga & Health
**08:31** Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
**09:01** News
**09:27** Products of Myanmar - Myanmar Circular Stone Slab
**09:39** Myanmar's Traditions and Culture: The Golden Land

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရွှေကရင်ရဲ့ပိန်းရွက်ခြောက်သုပ်

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၄)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းအမျိုးသားတောင်ဇလပ်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းသီချင်းကြီး (အပိုင်း-၁)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ (အပိုင်း-၂)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာ အိမ်ကလေး

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များ စိတ်အပြောင်းအလဲမြန်ရခြင်းအကြောင်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဟိုပန်မြို့သို့အလည်တစ်ခေါက်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
Welcome To Loikaw

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တရားတစ်သူ့တာဝန်ယူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' တို့ နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


ပြည်ထောင်စုအကျိုး သယ်ပိုးဖို့ အသိပညာ မြှင့်တင်စို့

မြန်မာ့ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။


## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဇန်နဝါရီ ၂၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ယနေ့စျေးကွက်ပေါက်စျေးများ

၂၆ - ၁ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၈၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၇၇၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၈၈၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၇၇၁၃၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၈၀/၁၅၉၀ ကျပ် | ၁၅၉၅/၁၆၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၉၀/၁၆၀၀ ကျပ် | ၁၆၁၅/၁၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၄၅/၁၅၆၅ ကျပ် | ၁၅၉၀/၁၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၀၅/၁၆၃၀ ကျပ် | ၁၇၀၀/၁၇၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၂၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၇ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၀၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၂၆ |

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၃၅၀ | ၂၈၇၀၀၀၀ |
| MTSH | ၃၁၅၀ | ၃၁၀၀ | ၂၃၁၂ | ၇၀၉၂၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများကို အကြမ်းဖက်သမားများက ရိုက်ခွဲဖျက်ဆီးခြင်း၊ သင်ထောက်ကူပစ္စည်းများခိုးယူခြင်းနှင့် ခြိမ်းခြောက်စာသားရေးသားခြင်းများပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၆

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရည်မြင့်မားရေးမှာ အရေးအကြီးဆုံးဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် စာသင်ကျောင်းများ တည်ဆောက်ပြုပြင်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းပေးခြင်း၊ အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများ မွေးထုတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အနာဂတ်မျိုးဆက်သစ်လူငယ်များ ကျောင်းနေပျော်ရေးနှင့် ပညာသင်ကြားရေးတွင် စိတ်ဝင်စားမှုရှိစေရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူများက ညီညွတ်မျှတစွာ ထိန်းမတ်ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်အတွက် အရေးအကြီးဆုံးဖြစ်သော ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှုအပေါ် အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် အနန္တဂိုဏ်းဝင် ဆရာ ဆရာမများကို ရက်စက်ယုတ်မာစွာ အကြမ်းဖက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပညာရေးကဏ္ဍအတွက် အဓိကကျသော အခြေခံအဆောက်အဦများ ဖြစ်သည့် စာသင်ကျောင်းများနှင့် ပညာရေးအဆောက်အဦများကို ဖျက်ဆီးခြင်းများ အသိတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ယင်းသို့ လုပ်ဆောင်လျက်ရှိရာ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်ဘစိုးလမ်းနှင့် ညောင်ဦးဖီးလမ်းထောင့်ရှိ အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းအတွင်းရှိ ကျောင်းအုပ်ကြီးရုံးခန်း ပြတင်းပေါက်များအား အကြမ်းဖက်သမားများက ရိုက်ခွဲဖျက်ဆီး၍ ရုံးခန်းအတွင်းသို့ဝင်ရောက်ကာ သင်ထောက်ကူ ပစ္စည်းများအား ခိုးယူခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၁ နာရီခန့်တွင် အမှတ်(၄)ရပ်ကွက် အနော်ရထာလမ်း အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းရှိကျောင်းအုပ်ကြီးရုံးခန်း ပြတင်းပေါက်များအား အကြမ်းဖက်သမားများကရိုက်ခွဲဖျက်ဆီး၍ ရုံးခန်းအတွင်းသို့ ဝင်ရောက်ကာ ခြိမ်းခြောက်စာရေးသားပြီး စာရွက်စာတမ်းများနှင့် ကျောင်းသုံးပရိဘောဂပစ္စည်းများ ဖြန့်ကြဲဖျက်ဆီးထားခဲ့ကြောင်း သိရှိရသည်။

အထက်ပါ စာသင်ကျောင်းများအတွင်းသို့ ဝင်ရောက်ဖျက်ဆီးခြင်း၊ ခိုးယူခြင်းနှင့် ခြိမ်းခြောက်စာရေးသားခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အမက(၁)နှင့် အမက(၄) ကျောင်းအုပ်ကြီးရုံးခန်းအတွင်းသို့ ဖျက်ဆီးဝင်ရောက်၍ ပစ္စည်းခိုးယူခြင်းနှင့် ခြိမ်းခြောက်စာရေးသားမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၄၀၇၁ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၅၃၄ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၃၅၇၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၉၁၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၅၀၄၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ဒေသခံပြည်သူ ၆၃၈၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၈၄၄၉ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၂၃၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့၌ ကျောင်းသား ကျောင်းသူ ၂၃၀၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်ရှိ ကျောင်းသား ကျောင်းသူ ၂၀၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၆၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများမှ လက်အိတ် ၉ ဒသမ ၉၆ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း စာနယ်ဇင်းမီဒီယာများ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာ - တရုတ်ပူးပေါင်း ဆက်ဆံရေးဇဟိုအသင်း၏ ကြီးကြပ်မှုဖြင့် လစဉ်ထုတ်ဝေသော ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းနှင့် စာနယ်ဇင်းမီဒီယာများ တွေ့ဆုံပွဲကို ယမန်နေ့က မဂ္ဂဇင်းတိုက်တည်ရှိရာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ Myanmar Sports Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေး ဇဟိုအသင်း ဇဟိုအလုပ်အမှုဆောင် ဦးအေးမင်းက မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေး ဇဟိုအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကိုလည်းကောင်း၊ မဂ္ဂဇင်းတာဝန်ခံ စာတည်းမှူးချုပ် ဦးရဲနိုင်စိုး (ရဲနိုင်) က မဂ္ဂဇင်းထုတ်လုပ်မှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းသည် မြန်မာ - တရုတ် သံတမန် ဆက်ဆံရေး နှစ်(၇၀)ပြည့်ကို ဂုဏ်ပြုခြင်း အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး မြန်မာ - တရုတ်ချစ်ကြည်ရင်းနှီးမှုခိုင်မြဲစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ရန် ရည်ရွယ်၍ လစဉ်ထုတ်ဝေလျက်ရှိသည်။

အဆိုပါ မဂ္ဂဇင်းတွင် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုများကို ဖော်ထုတ်ပြသသည့် ဆောင်းပါးများ၊သတင်းများ အပါအဝင် သုတရသစုံလင်အောင် ထည့်သွင်းဖော်ပြလျက်ရှိပြီး မဂ္ဂဇင်းသက်တမ်း



သုံးနှစ်အတွင်း ရောက်ရှိလာပြီဖြစ်ရာ ပိုမိုကောင်းမွန်အောင် ဆက်လက်ထုတ်ဝေဆောင်ရွက်နေကြောင်း သိရသည်။ **သတင်းစဉ်**

## " လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း "

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ သုဝဏ္ဏ ၊ ရေနံ့သာ (၂၄)ရပ်ကွက်၊ အမှတ် (၁၆၄/၅) တွင် တည်ရှိသော Partner Of Client Law Firm ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၂၅၅၆၇၂၂၃) သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား ရန်ကုန်မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အောက်ပါမှတ်ပုံတင်အမှတ်များဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားရှိပြီး ဖြစ်ပါသည် -

**" လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများ "**

PARTNER OF CLIENT LAW FIRM Walk with a trusted Adviser

မဟာချမ်းသာ

**မှတ်ပုံတင်အမှတ် (၄/၈၀၂၆/၂၀၂၀)** **မှတ်ပုံတင်အမှတ် (၄/၈၇၂/၂၀၂၁)**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်များဖြင့် ဥပဒေဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ ဥပဒေဆိုင်ရာ စာအုပ်စာစောင်များ၊ ဥပဒေဆိုင်ရာ သင်ကြားပို့ချချက် CD ခွေများ၊ ဥပဒေဆိုင်ရာ သင်တန်းများနှင့် အခြား သုတရသ စာအုပ်စာစောင်များ၊ ကျောင်းသုံးရုံးသုံးစာရေးကိရိယာများ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို အထက်ပါနေရပ်လိပ်စာမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ လက်ကား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအား (၂၀၂၀) ခုနှစ်မှစတင်ကာ လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ Partner Of Client Law Firm လုပ်ငန်းအမှတ်တံဆိပ်နှင့် မဟာချမ်းသာ အမှတ်တံဆိပ်များအား တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ ဆင်တူရိုးမှားသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ သံတူကြောင်းကွဲ၊ ထင်ယောင်ထင်မှား တုပကူးယူသုံးစွဲခြင်း မပြုကြရန်နှင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**Partner Of Client Law Firm**

အမှတ် (၁၆၄/၅)၊ သံသုမာလမ်း၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉၆၉၄၄၉၉၇၇၉၊ ၀၉၆၉၄၄၉၉၇၇၈၊ ၀၁၇၅၇၇၀၇၉

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ ရွှေဟင်္သာ(၃)လမ်း၊ မြေကွက်အမှတ် (၁၂၆၈/ခ)၊ အကျယ်အဝန်း(၀.၀၂၉-ဧက)ရှိ ဦးသန်းဦး အမည်ပေါက်နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးသိန်းအောင်(၁၂/သဃက(နိုင်)၁၁၇၂၈၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကေသီခိုင်(၁၂/သဃက(နိုင်)၁၆၅၇၉၃)က ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၈၈၂ )

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၄၂၀၄ )

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅)၊ မြေကွက်အမှတ်(၁၄၇၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးကျော်ဇော (RGN-019779)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သီတာဝင်း(၁၂/ဥကမ(နိုင်)၁၇၀၈၀၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ချိုမှာသင်း (၅/မမန(နိုင်)၀၇၂၄၆၈)ကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၈၈၂ )

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၄၂၀၄ )

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၄၃ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁ ဦး၊ အမျိုးသမီး ၄ ဦး စုစုပေါင်း ၅ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်သူ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၄၂ ဦးတို့ကို လည်းကောင်း ယနေ့တွင် ကရင်ပြည်နယ်၊ မြဝတီမြို့သို့ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၅၈ ဦး၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၂၀၀ တို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကိုစနစ်တကျဆောင်ရွက်ပေးပြီးတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအားသက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့်ကျန်းမာရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

### ငြင်းချက်ထုတ်ရန်သမ္မာန်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅ ၊ နည်းဥပဒေ- ၂)**
**ပုသိမ်ခရိုင်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် ၊ တရားမကြီးမှုအမှတ် - ၁၁၅**

ဒေါ်စန်းစန်းမော် နှင့် ၁။ ဦးအောင်ဆန်းထွန်း
၂။ ဒေါ်အိအိအောင်မင်း
(တရားလို ) (တရားပြိုင်များ )

ပုသိမ်မြို့၊ ထုံးဘိုရပ်၊ တိုင်းမြေအသုံးချရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်း ဦးအောင်ဆန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ )သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းမော်က အိမ်ခြံဖိုးပေးထားငွေ (၃၇၅၀၀၀၀၀/-) ကျပ်နှင့် နစ်နာကြေးငွေ (၂၅၀၀၀၀၀/-)ကျပ် စုစုပေါင်းတန်ဖိုးငွေ (၄၀၀၀၀၀၀၀/-) ကျပ်သိန်းလေးရာ တိတိကိုရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်၊ (၁၃၈၃)ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက် မွန်းမတည့်မီ(၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည် ။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီ လ ၁၄ ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ဘုန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ပုသိမ်ခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်-၂၄၅/က၊ (၆) ထပ်၊ (၅) လွှာ၊ (၁)ခန်းချင်း၊ ကန်ထရိုက်တိုက်၊ ဧရိယာ (၁၈ ပေ × ၅၄ ပေ) ရှိသောတိုက်ခန်းနှင့် စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချသည့် ဦးထွန်းလင်း (၁၃/လရန(နိုင်)၀၈၄၈၄၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်သန္တာစိုး**
**(စဉ်-၈၄၂၅)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်စောယုဇာ**
**(စဉ်-၉၉၀၀)**
**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉ ၂၅၄၀၄၇၆၉၇**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5734, Toyota Wish ZNE10 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်လင်း ၉/ကပတ(နိုင်)၀၃၀၇၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/2078, Maw Shwe Pyi L/T MSP-01 Pickup(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးကျော် ၁၂/ဥကမ(နိုင်)၁၁၅၇၃၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်/အမည်(၁၃/ရုံးတန်း)၊ ဦးပိုင်အမှတ်(၃၈)၊ မြေဧရိယာ(၀ဒသမ၁၅၅)ဧကရှိ မြေကွက်ကို ယခင် ဦးဒွမ်ချန်ဖေး ၁/ပတအ(နိုင်)၀၂၇၇၅၂ အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် အမည်ပေါက်ရရှိခဲ့ပြီး (၂၂-၁၂-၂၀၂၀)ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုကာ ဝယ်ယူထားသည့်မြေကွက်ဖြစ်ပြီး လျှောက်ထားမြေကွက်နှင့်ပတ်သက်၍ ဝိုင်းမော်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၏ (၂၄-၁၂-၂၀၂၀)ရက်စွဲပါ မှတ်ပုံတင်အမှတ် (၃၄/၂၀၂၀)ဖြင့် မှတ်ပုံတင်ထားရှိသော မြေကွက်အား ဦးသိန်းမြို့ ၁၄/ဟသတ(နိုင်)၀၁၆၂၅၁အမည်ဖြင့် (အမည်ပြောင်း) မြေငှားဂရန် ထုတ်ပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို(အမည်ပြောင်း) မြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ (အမည်ပြောင်း) မြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေ ညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝိုင်းမော်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/49222 Honda Wave 110ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမွန်ကျော် ၉/မထလ(နိုင်)၂၅၁၆၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊(မိတ္ထီလာခရိုင်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/11797 Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဦးညီပု ၉/မလန(နိုင်)၀၆၀၁၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊(မိတ္ထီလာခရိုင်)**

### ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ ရွှေလေ့ကျေးရွာအုပ်စု၊ အမကမူလွန် သဗြုချိုင် Grade-8 မှ မဝါရီစုမေ၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့် ၁၄/မမန(နိုင်)၂၀၂၀၅၆ ဖြစ်ပါကြောင်း။

**ဦးဇော်မြင့်**

### အမည်မှန်

ဦးမောင်မောင်သန်း ၁၁/ကတန(နိုင်)၀၈၄၀၆၈ ၏သား မြောက်ဦးမြို့၊ အထက-၂၊ ပထမတန်းမှ မောင်မင်းထက်အောင်၏အမည်မှန်မှာ မောင်မင်းထက်စိုး ဖြစ်ပါကြောင်း။

**မောင်မင်းထက်စိုး**

### မွေးသက္ကရာဇ်အမှန်

ဦးဆိုးမောင် ၏သား၊ မင်းပြားမြို့နယ်၊ အထက(ခွဲ)ကျောက်မော် သတ္တမတန်းမှ မောင်ဦးရွှေလင်း ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၆-၅-၂၀၀၈ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ သစ်လေးလုံး၊ အထက Grade-10 မှ မောင်နေဝင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဝင်း ၉/ပမန(နိုင်)၂၀၀၅၄၁ ဖြစ်ပါကြောင်း။

**ဦးကျော်ဆန်းဝင်း**

### အမည်ပြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကဒက်ကြီးကျေးရွာအထက Grade-8 မှ မခင်သီတာစိုး၏ အမည်အား ယနေ့မှစ၍ မသီတာစိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသီတာစိုး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)**
**ဟိုပုံးမြို့နယ်တရားရုံးတော်၌**
**၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၂**

ဒေါ်ခင်မေသော် နှင့် ဦးသိန်းထိုက်ဦး
**တရားလို** **တရားပြိုင်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အလုံတပ်မြို့၊ စစ်ပင်အုပ်စု၊ လှည်းတန်းရပ်ကွက်နေ ဦးသိန်းထိုက်ဦးသိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မေသော်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ရက်(၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မြင့်သော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဟိုပုံးမြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌**
**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၅**

ဦးကိုကိုကျော် နှင့် ဒေါ်မြင့်မြင့်ဦး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ စိန်ကလေးလမ်း၊ အမှတ်(၁၁၉၅)နေ ဒေါ်မြင့်မြင့်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ရက်(၁၃၈၃ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသရီမြင့်ဦး)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၃)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၃၁၈**

ဦးဂိုရာ နှင့် ဒေါ်လှဲ့လှဲ့ဝင်း
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးတင်ရွှေ)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၃၉၅)(၅)လွှာ)နေ တရားပြိုင် ဒေါ်လှဲ့လှဲ့ဝင်း(ယခုနေရပ်လိပ်စာမသိ) သူသိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေမှ ဖယ်ရှားပေးရန်နှင့်အိမ်မြေကို လက်ရောက်ပေးအပ်စေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်(၁၃၈၃ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

